# ကြေးမုံ
**The Mirror**

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ သောကြာနေ့၊ (24-11-2006) (၅၁၅၁)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစုရာယုဒ်၊ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်   နိုဝင်ဘာ   ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန်အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**(အပေါ်ပုံ) **နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (ဝဲပုံ) (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၄-၁၁-၂၀၀၆
(သောကြာနေ့)

## ဆောင်းသီးနှံ၊ သီးထပ်သီးညှပ်များ ရာသီချိန်အမီစိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စိုက်ပျိုးရေးကဏ္ဍ၌ သီးနှံစိုက်စွမ်းအားမြင့်မားရေး၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးတို့အတွက် အားပေးကူညီလျက်ရှိသည်။ တောင်သူ လယ်သမားများက သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းသီးနှံ မျိုးသစ်၊ မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးလျက်ရှိရာ ၂၀၀၅-၂၀၀၆ ခုနှစ်က တစ်နိုင်ငံလုံး၌ စပါးတင်း သန်းပေါင်း ၁၂၀၀ ကျော် ထွက်ရှိခဲ့သည်။

ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့သည် ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသများဖြစ်၍ တစ်ဧက စပါးအထွက်တိုးရေး၊ ဝါဂွမ်း၊ ကြံ၊ ပဲအမျိုးမျိုးနှင့် ပြောင်းစသည့်သီးနှံများ သီးထပ် သီးညှပ်စိုက်ပျိုးနိုင်ရေး အားသွန်ကြိုးပမ်းကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း ယခုနှစ်၌မိုးစပါးဧက ၃၇ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးဧက ၁၆ သိန်း၊ ပဲမျိုးစုံဧက ၁၆ သိန်း၊ ဆီထွက်သီးနှံဧက ငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်ရာ သီးနှံအလိုက် စိုက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေး အလေးထားကြရမည်ဖြစ်သည်။

အဆိုပါသီးနှံများသည် မိုးစပါးအပေါ်အခြေခံသည့် သီးနှံပုံစံဖြစ်သည့်အတွက် မိုးစပါးစိုက်ချိန်စောပြီး ရိတ်သိမ်းချိန်စောသည်နှင့်အမျှ ဆောင်းသီးနှံ၊ သီးထပ်သီးညှပ်သီးနှံများကို မြေတွင်းအစိုဓာတ်နှင့် ရေရရှိမှုအခြေအနေအရ အောင်မြင်စွာ စိုက်ပျိုးသွားနိုင်ကြမည်ဖြစ်သည်။

ယခုအချိန်သည် မိုးစပါးရိတ်သိမ်းချိန်ကာလဖြစ်၍ အလေအလွင့် နည်းစေရန် မောင်းညိုချိန်တွင် စက်အား၊ လူအားများဖြင့် စောစော ရိတ်သိမ်း ခြွေလှေ့ခြင်း၊ စပါးများအား အမိုးအကာအောက် အချိန်မီ ရောက်ရှိရေး စနစ်တကျ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဂရုစိုက်လုပ်ကိုင်ကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က တိုးတက်ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် လိုအပ်ချက်များကို အခါမလပ် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူလယ်သမားများ အနေဖြင့် ဆောင်းသီးနှံနှင့် သီးထပ် သီးညှပ်များ အစိုဓာတ်နှင့် ရာသီချိန်အမီ စိုက်ပျိုးနိုင်ရေး၊ စိုက်ဧက ရည်မှန်းချက်ပြည့်မီရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးအုန်းကျော် (လ/ထညွှန်မှူး အကျဉ်းဦးစီးဌာန) ရှစ်နှစ်ပြည့်အား ရည်စူး၍ သစ္စာလမ်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်စောရင်နှင့် သားသမီး မြေးတစ်စုက အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာ ကျောင်းအမှုဆောင်ဆရာတော် အရှင်အာစိဏ္ဏ (သာသနဓဇဓမ္မာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဆင်ဝှေ့ရန်ရှောင်ပြောနည်း (စကားကြီး ၁၀ မျိုးမှ)

ဆင်ဝှေ့ရန် လိုက်လာသည့်အခါ လွတ်ရာလွတ်ကြောင်း လှည့်ပတ်တိမ်းရှောင် ပြေးတတ်သဖြင့် အသက်ဘေးမှ ချမ်းသာရာ ရရှိသကဲ့သို့ စကားပြောရာတွင်လည်း မိမိအသက်ဘေးအန္တရာယ်ကျရောက်မည့် အကျဉ်းအကျပ်စကားမျိုးကို အန္တရာယ်မှ ကင်းလွတ်အောင် စကားပရိယာယ်ဖြင့် ရှောင်လွှဲပြောဆိုတတ်ခြင်းကို "ဆင်ဝှေ့ရန်ရှောင်ပြောနည်း"ဟု ပြောစမှတ်ပြု သတ်မှတ်ကြပါသည်။

ဆင်ဝှေ့ရန်ရှောင်ပြောနည်းကို ဥပမာထင်ရှားအောင် ပမာပုံဆောင်ပြရပါမူ အခါတပါး ဘုန်းခေါင်ညီရင်း အိမ်ရှေ့မင်းသည် ကြည်ညိုခြင်းသဒ္ဓါလွန်ကဲသောကြောင့် ကျောင်းဆောက်လှူဒါန်းရာ၌ ကျောင်း၏အောက်ခြေရက်မအောက်ထိ အောက်ပိုင်းများကိုပါရွှေချထားသည်ကို မြို့ဝန်မင်းတွေ့ရှိသောအခါတွင် မသင့်မလျော်ကန်သည့်အတွက် အောက်ပိုင်းမှရွှေများကို ဖျက်စေခဲ့ပါသည်။

ထိုအခြင်းအရာကို အိမ်ရှေ့မင်းသား တွေ့မြင်သည့်အခါ ဒေါသအမျက်ပြင်းစွာ ထွက်သဖြင့် မြို့ဝန်အား ချက်ချင်းသတ်မည်ဟု ခေါ်ခဲ့စေရာတွင် မြို့ဝန်မင်းက အိမ်ရှေ့မင်းသားအားလျှောက်ထားရာ၌ "အရှင်မင်းသား သည်းခံတော်မူပါဘုရား၊ အရှင်မင်းသားသည် ဘုန်းသမ္ဘာပြည့်စုံသောကြောင့် မလွဲကေန် ဘုရင်ဧကရာဇ်ဖြစ်မည့်သူပါဘုရား။ ထိုကဲ့သို့ ဘုရင်ဖြစ်သည့်အခါမှသာလျှင် ကျောင်းတစ်ကျောင်းလုံးကို အောက်ခြေမှမကျန် ရွှေချနိုင်ရန်အတွက် ယခုခေတ္တချန်လှပ်ထားတော်မူပါဘုရား"ဟု လျှောက်ထားရာတွင် အိမ်ရှေ့မင်းသားသည် အမျက်တော်ပြေ သဘောတော်ကျသဖြင့် ဆုလာဘ်များပင် ပေးသနားစေခဲ့ပါသည်။

ဤကဲ့သို့ တစ်ဖက်သားအား အမျက်ပြေစေရန်နှင့် မိမိလည်း အန္တရာယ်မှကင်းဝေးစေရန်အတွက် စကားအရာ လိမ္မာပါးနပ်စွာဖြင့် လှည့်ပတ်ပြောဆိုတတ်ခြင်းကို "ဆင်ဝှေ့ရန်ရှောင်" စကားပြောနည်းဟု နောင်လာနောက်သားတို့ အတုယူခေါ်စမှတ်ပြုကြပါစေ။

**(သာသနာရေး)**

## ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း ဖွဲ့စည်း ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကားပြောကြား

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း ရန်ပုံငွေအတွက် အလှူငွေများကို လက်ခံစဉ်။**

(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းဖွဲ့စည်းရေး အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။**

အသင်းဖွဲ့စည်းရေးအခမ်းအနားသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်နှင့် အတွင်းရေးမှူး ဦးဝင်းကြိုင်တို့ ပါဝင်သည့် မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်းကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်းကြေညာသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း အလုပ်အမှုဆောင်များကိုယ်စား ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း အသင်းဖွဲ့စည်းခြင်း အထိမ်းအမှတ်အလံကို အသင်းဥက္ကဋ္ဌ ဦးငြိမ်းမြိုင်က မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေတို့ထံ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ အသင်း ရန်ပုံငွေအတွက် မြန်မာနိုင်ငံ ရေချိုငါးဖမ်း လုပ်ငန်းလုပ်ကိုင်သူများအသင်း ဥက္ကဋ္ဌ ဦးငြိမ်းမြိုင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးထောပလော်ဖောတို့က ငွေကျပ် သိန်း ၂၀ စီ၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးရဲဒင်က ငွေကျပ် ၁၀ သိန်း၊ ဒုတိယဥက္ကဋ္ဌ(၄)ဒေါက်တာ မြင့်စိန်နှင့် အတွင်းရေးမှူး ဦးဝင်းကြိုင်တို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း တွဲဖက်အတွင်းရေးမှူး(၂) ဦးမောင်မောင်မြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးအောင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးထိုင်ထိုင်၊ စာရင်းစစ်(၂) ဦးအောင်ညွန့်၊ အလုပ်အမှုဆောင် ဦးမိုးနိုင်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးရှဉ့်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၅) ဦးတင်မြင့်တို့က ငွေကျပ်ငါးသိန်းစီ၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်း အလုပ်အမှုဆောင် ဦးမျိုးဝင်းမြင့်၊ အလုပ်အမှုဆောင် ဒေါက်တာအောင်မြင့်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံငါး၊ ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်သုံးသိန်းစီ၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း တွဲဖက်အတွင်းရေးမှူး(၃) ဦးအောင်မောင်း၊ အလုပ်အမှုဆောင် ဦးဝင်းအောင်၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၅) ဦးမောင်မောင်ဌေးနှင့် တွဲဖက်အတွင်းရေးမှူး(၄) ဦးတင်နေဝင်းတို့က ငွေကျပ်နှစ်သိန်းစီအပါအဝင် အလှူရှင် ၃၂ ဦးတို့က ငွေကျပ် ၁၃၄ သိန်းကို ပေးအပ်လှူဒါန်းကြရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးလှမောင်ရွှေတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် နိုဝင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

### တက်ရောက်

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

### ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုနေ့လယ်စာစားပွဲ၌ နေ့လယ်စာမသုံးဆောင်မီနှင့် နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ချူလာနွန်က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ချူလာနွန်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံစဉ်။** (သတင်းစဉ်)

# ရထားပို့ဆောင်ရေး ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြစ်ကြီးနား–မန္တလေး ရထားလမ်းပိုင်းကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၃

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ နိုဝင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားဘူတာမှတစ်ဆင့် မြစ်ကြီးနား–မန္တလေးရထားလမ်းပိုင်းရှိ မိုင်တိုင် ၇၁၄/၁၃ နှင့် ၇၁၄/၁၅ အကြား ပေ၃၄၀အရှည် တံတားအမှတ် ၇၁၅ နန့်ကွေ့တံတားကြံ့ခိုင်မှုကို စစ်ဆေးကြည့်ရှုပြီး ကြံ့ခိုင်မှု ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားသည်။ ဆက်လက်ထွက်ခွာရာ မိုးကောင်းမြို့သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ အရာထမ်းများအား တွေ့ဆုံ၍ မြစ်ကြီးနား–မန္တလေးရထားလမ်း အဆင့်မြှင့်ဆောင်ရွက်နေမှုများနှင့် မြန်မာ့မီးရထား မှ ဝန်ထမ်းများအနေဖြင့် ရထားလမ်းနှင့်တံတားများ ကြံ့ခိုင်မှုကောင်းမွန်ရေးအတွက် မပြတ်စစ်ဆေးဆောင်ရွက်ရေး မှာကြားသည်။**

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာရာ မိုင်တိုင် ၆၃၄/၆ နှင့် ၆၃၄/၁၀ အကြားတွင် ကွန်ကရစ်ဇလီဖား လဲလှယ်ခြင်းနှင့် ရထားလမ်းကျောက်ဖြည့်ခြင်း ဆောင်ရွက်မှုကို ကြည့်ရှုပြီး မိုးညှင်းမြို့သို့ ရောက်ရှိကာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အား တွေ့ဆုံ၍ မြစ်ကြီးနား–မန္တလေး ရထားလမ်းအဆင့်မြှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် မိုင်တိုင် ၅၉၁/၂၀နှင့် ၅၉၁/၂၁ အကြားရှိ ပေ၁၂၀အရှည် တံတားအမှတ် (၄၄၃) နဘားကြီးချောင်း၊ သံပေါင်တံတားကိုလည်းကောင်း စစ်ဆေးကြည့်ရှုပြီး ရေစီးကြောင်း တံတားကမ်းကပ်ခုံနှင့် တံတားတိုင်များ ကြံ့ခိုင်မှုရှိ၊မရှိစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီပြုပြင်ဆောင်ရွက်ရေး၊ ရထားမတော်တဆမှု မဖြစ်အောင် မိမိလမ်းပိုင်းအလိုက် တာဝန်ရှိသူများက မပြတ်စစ်ဆေးပြုပြင်ရေးတို့ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နဘားဘူတာသို့ ရောက်ရှိပြီး ကသာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံ၍ မြစ်ကြီးနား – မန္တလေးရထားလမ်း အဆင့်မြှင့်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားကာ အသင်းဝင်များအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကောလင်းမြို့သို့ ရောက်ရှိ၍ အကြီးတန်း တွဲပြင်စက်ရုံ၌ တွဲပြုပြင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းအားလုံးဝန်ထမ်းကောင်းပီသစွာ ကျင့်ကြံပြီး လုပ်ငန်းတာဝန်ကို ကြိုးပမ်းဆောင်ရွက်ရေး၊ စက်ရုံအတွင်း အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ မှာကြားသည်။ ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ကန့်ဘလူဘူတာသို့ရောက်ရှိပြီး ဒေသခံများအား တွေ့ဆုံ၍ မန္တလေး–မြစ်ကြီး နားလမ်း အဆင့်မြှင့်ဆောင်ရွက်နေမှု များကို ရှင်းလင်းပြောကြား၍ မိုင်တိုင် ၄၇၃/၄ နှင့် ၄၇၃/၆ အကြားရှိ ပေ ၂၂၀ အရှည်တံတား အမှတ် ၁၅၉သို့ ရောက်ရှိစစ်ဆေးပြီး ကမ်းကပ်ခုံနှင့် ရေလယ်တိုင်များ ကြံ့ခိုင်မှုကို စစ်ဆေး ထိန်းသိမ်းရေး မှာကြားပြီး မိုင်တိုင် ၄၀၈/၆မှ၄၁၁/၆ အကြားတွင် ရထား လမ်းကြံ့ခိုင်မှု ထိန်းသိမ်းခြင်းအခြေ အနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတံတား၏ မန္တလေးဘက် ကမ်း ရထားလမ်းတာပေါင် ကြံ့ခိုင်ရေး အတွက် တာပေါင်ဝဲ၊ယာတွင်တုတ်ရိုက်၊ သဲအိတ်ဖြည့်ခြင်း ဆောင်ရွက်ထားမှု ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

**မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲ အထူးပြသပွဲကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ကပြစဉ်။** (သတင်းစဉ်)





# မြန်မာ့ရုပ်ရှင်သက်ကြီးရန်ပုံငွေ ပဒေသာကပွဲ အထူးပွဲတင်ဆက်ကပြ

ရန်ကုန် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်ပညာရှင်များကို ဂုဏ် ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် မြန်မာ့ရုပ်ရှင် သက်ကြီး ရန်ပုံငွေပဒေသာကပွဲ အထူးပြသပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မ ကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ကပြသည်။**

အထူးပြသပွဲ သို့ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ မြန်မာ နိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အလုပ်အမှုဆောင်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကပြသည့် အထူးပြသပွဲ တွင် တေးဂီတအစီအစဉ်၌ အကယ်ဒမီ သုမောင်နှင့် ဖိုးသောကြာတို့၏ တေးသံသာများ၊ ပြဇာတ်အစီအစဉ်တွင် ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင် စီစဉ်ပြီး ထွန်းထွန်း (Example)၊ နေတိုး၊ ရဲလေး၊ ဇာနည်၊ ဆုပန်ထွာ၊ လှအဥ္ဇလီတင့်၊ ဦးစိန်ရိုး၊ မော့စ်၊ စပ်စု၊ ချစ်စရာ၊ပွင့်၊ဘိုမ၊ ကလေးသရုပ်ဆောင် ဟဲ ဗီးဖြိုးနှင့် ရုပ်ရှင်အနုပညာရှင်များ၏ **"လူဖြစ်ရတာမလွယ်ပါလား"** ပြဇာတ်၊ တေးဂီတအစီအစဉ်တွင် တေးသံရှင် ချိုပြုံး၏ တေးသံသာများ၊ ပြဇာတ်အစီအစဉ်တွင် ဒါရိုက်တာမောင်သီ စီစဉ်ပြီး လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ ကင်းကောင်၊ ဇေလုဝ၊ ကုသိုလ်၊ ထင်ပေါ်၊ အုန်းသီး၊ ဇေဒါ၊ ဆင်မကြီး၊ ဂွမ်းပုံကြီး၊ မလုံးတင်၊ ဓာတ်လင်းနှင့် ရွှေအိုးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **"သုံးဖုံတစ်ဖုံ"**ပြဇာတ်၊ တေးဂီတ အစီအစဉ်တွင် ဇော်ဝမ်းနှင့် နေအောင်တို့၏ တေးသံသာများ၊ ပြဇာတ်အစီ အစဉ်တွင်ဒါရိုက်တာ အောင်မင်းသိမ်း စီစဉ်ပြီး ကျော်ရဲအောင်၊ ကောင်းစံ၊ မိုးဒီ၊ ဧရာ၊ ဇော်ဝင်းနိုင် (မန်း)၊ မိုးကျော်၊ ဆိုနီ၊ စိန်သီး၊ ကြယ်သီး၊ ပန်းသီးနှင့် ဓိုးသီးတို့ပါဝင်သရုပ်ဆောင် ထားကြသည့် **"နတ်မင်းကြီးများမနေနိုင်"** ပြဇာတ်၊ တေးဂီတအစီအစဉ်တွင် ရဲအောင်၏ တေးသံသာများ၊ ပြဇာတ်အစီအစဉ်တွင် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) စီစဉ်ပြီး ဒွေး၊ မင်းမော်ကွန်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ သားညီ၊ မင်းခ၊ ကျော်ကျော်ပိုင်မှူး၊ မောင်မေတ္တာ၊ အရိုင်း၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ ဖိုးကျော်၊ ဖိုးလပြည့်တို့ပါဝင် သရုပ်ဆောင် ထားသည့် **"အစဆွဲထုတ်သူများ"** ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

မြန်မာ့ရုပ်ရှင်ပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် မြန်မာ့ရုပ်ရှင်သက်ကြီး ရန်ပုံငွေပဒေသာကပွဲကို အမျိုးသား ဇာတ်ရုံ၌ နိုဝင်ဘာ ၂၄ရက်မှ ၂၆ရက်အထိ ညစဉ် ၇နာရီတွင် ရုပ်ရှင်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ဝင်ကြေးမှာ ငွေကျပ် ၁၀၀၀၀၊ ၇၀၀၀၊ ၅၀၀၀ နှင့် ၃၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

တိုကျိုမြို့တွင် ဖူဂျီကုမ္ပဏီမှထုတ်လုပ်သော တစ်ခါသုံးကင်မရာများအား အရောင်းမြှင့်တင်ရေးဝန်ထမ်းတစ်ဦး ပြသနေသည်ကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းတည်ငြိမ်မှု ဖြစ်ပေါ်စေရေး နိုင်ငံရေးနှင့် စီးပွားရေးအစီအစဉ်များ ဒွန်တွဲဆောင်ရွက်သင့်

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုဖြစ်ပေါ်လာစေရေးအတွက် တာလီဘန်ပြောက်ကျားများအား ချေမှုန်းသည့် စစ်ရေးလှုပ်ရှားမှုနှင့်အတူနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အစီအစဉ်များကို ဒွန်တွဲချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဇ်မူရှာရက်ဖ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အထူးသဖြင့် အာဖဂန်နစ္စတန်နိုင်ငံအရှေ့တောင်ပိုင်းဒေသတွင် မာရှယ်စီမံကိန်းကဲ့သို့သော ပြန်လည်ထူထောင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရန် နိုင်ငံတကာ အသိုက်အဝန်းအား မူရှာရက်ဖ်က တိုက်တွန်းသည်။ ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း လာဟိုးမြို့တွင် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ မူရှာရက်ဖ်က ယင်းသို့ တိုက်တွန်းခြင်းဖြစ်သည်။

**ဒွန်တွဲဆောင်ရွက်**

အကြမ်းဖက်မှု တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် စစ်ရေးနည်းလမ်းတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍ ရမည်မဟုတ်ကြောင်း၊ စစ်ရေးအရ အရေးယူသည့် နည်းလမ်းနှင့်အတူ နိုင်ငံရေးနှင့် စီးပွားရေး အစီအစဉ်များကိုပါ ဒွန်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်းမူရှာရက်ဖ်က ပြောကြားသည်။

***အမ်အင်ဆေ၊ဆင်ဟွာ။***

## ဂျပန်အလယ်ပိုင်းတွင် ရထားလမ်းချော်

**တိုကျို နိုဝင်ဘာ ၂၂**

ဂျပန်နိုင်ငံအလယ်ပိုင်း အိုကာရာမမြို့တွင် တနင်္ဂနွေနေ့ အစောပိုင်းက မီးရထားတစ်စင်း လမ်းချော်မှု ဖြစ်ပွားသဖြင့် ခရီးသည် ၂၅ ဦးနှင့် စက်ခေါင်းမောင်းတစ်ဦး ဒဏ်ရာရရှိကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

ထိခိုက်ဒဏ်ရာ ရသူများအနက် မည်သူမျှ ဒဏ်ရာပြင်းထန်ခြင်းမရှိကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

ဂျပန်အနောက်ပိုင်း ရထားကုမ္ပဏီပိုင် ခရီးသည်တင် ရထားလမ်းချော်ခြင်းဖြစ်သည်။ ခရီးဆုံးဘူတာ အိုကာရာမဘူတာသို့ ရောက်ရှိရန် ၁၀ မိနစ်မျှသာလိုတော့ချိန်တွင် မီးရထားလမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်တွင် ကားဗုံးခြောက်လုံးပေါက်ကွဲ ၁၄၄ဦး သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကြာသပတေးနေ့က ကားဗုံးခြောက်လုံးပေါက်ကွဲခဲ့သဖြင့် ၁၄၄ ဦးသေဆုံးကြောင်း၊ အီရတ်နိုင်ငံအား အမေရိကန်က ကျူးကျော်တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း သွေးထွက်သံယိုမှုအများဆုံး တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပွားမှုကို ဦးတည်နိုင်သော ဂိုဏ်းဂဏတိုက်ခိုက်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုများကြောင့် ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ကားဗုံးပေါက်ကွဲမှုများ တသီတတန်း ဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်ရှိ ဆွန်နီတို့နေထိုင်ရာ ရပ်ကွက်တစ်ခုတွင် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ဤဖြစ်စဉ်တွင် သေဆုံးသူ မည်မျှရှိသည်ကို မသိရသေးကြောင်း၊ တစ်ချိန်တည်းမှာပင် ကျန်းမာရေးဝန်ကြီးဌာနရုံးကို သေနတ်သမားများက စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများ၊ စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ ငါးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်အရှေ့ဘက် ဆာဒါစီးတီးမြို့တွင် ရပ်ထားသော မော်တော်ကားများအတွင်းမှ ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဗုံးတစ်လုံးလျှင် ယမ်းမက်ထရစ်တန်ဝက် ပါဝင်ကြောင်း၊ ဗုံးပေါက်ကွဲသည့်နေရာရှိ လမ်းများ၊ ကားများနှင့် ဈေးတစ်ဈေးတို့မှာ အကြီးအကျယ်ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အင်တာနက်။***

နိုဝင်ဘာ ၂၃ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးတွင် ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးနေသော ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အေပက် ထိပ်သီးအစည်းအဝေး ကျင်းပပြီးစီး ခေါင်းဆောင်များကဟနွိုင်းကြေညာချက်ထုတ်ပြန်

**ဟနွိုင်း နိုဝင်ဘာ ၂၂**

အာရှနှင့်ပစိဖိတ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အေပက်)ခေါင်းဆောင်များသည် ဟနွိုင်းကြေညာချက်အားထုတ်ပြန်ကာ နှစ်ရက်ကြာ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးကို တနင်္ဂနွေနေ့တွင်အဆုံးသတ်လိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

လွတ်လပ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးတက်ဖြစ်ထွန်းစေရေး၊ အင်အားခိုင်မာသော လူ့အဖွဲ့အစည်းများ တည်ဆောက်ရေးနှင့် သဟဇာတရှိသော နိုင်ငံတကာ အသိုက်အဝန်း ထူထောင်ရေးတို့နှင့် ပတ်သက်နေသည့်ကိစ္စရပ် အများအပြားကို အေပက်ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြရာတွင် တညီတညွတ်တည်း သဘောတူညီမှုရရှိကြောင်း ဟနွိုင်းကြေညာချက်၌ ဖော်ပြထားသည်။

အေပက်ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်ကို ဗီယက်နမ်သမ္မတ ငုယင်မင်ထရိုင်ယက်က ဖတ်ကြားခဲ့သည်။

အဖွဲ့ဝင် ၂၁ နိုင်ငံ ပါဝင်သော အေပက်အဖွဲ့ဝင်နိုင်ငံများ၏ ထုတ်လုပ်မှုသည် ကမ္ဘာ့အသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၆၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ဘယ်လ်ဂျီယံတွင် ယာဉ်တိုက်မှုများကြောင့် နှစ်စဉ်ယူရိုဘီလီယံ ၃၀ဆုံးရှုံး

**ဘရပ်ဆယ် နိုဝင်ဘာ ၂၂**

ဘယ်လ်ဂျီယံနိုင်ငံ လမ်းများပေါ်၌ ဖြစ်ပွားသော မတော်တဆမှုများကြောင့် နှစ်စဉ် ယူရိုဘီလီယံ ၃၀ ခန့် (အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၄၈ ဘီလီယံ) ဆုံးရှုံးနစ်နာရကြောင်း မကြာသေးမီက ထုတ်ပြန်သည့် လေ့လာချက်သစ်တစ်ရပ်တွင် ဖော်ပြထားသည်။

ဘယ်လ်ဂျီယံနိုင်ငံတွင် လမ်းပေါ် မတော်တဆမှုများကြောင့် အစိုးရအဖွဲ့အနေဖြင့်ရော၊ စီးပွားရေးအရပါ ဆုံးရှုံးရမှုမှာ အစိုးရက တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာများပါ ဖော်ပြချက်ထက် ပိုမိုများပြားကြောင်း နိုင်ငံအရှေ့မြောက်ပိုင်း လင်းဘတ်ဂ်မြို့ရှိ ဟက်ဆယ်လ်တက္ကသိုလ်က ပြုလုပ်သော ယင်းလေ့လာချက်တွင် ဖော်ပြထားသည်။

လမ်းပေါ် မတော်တဆမှုများကြောင့် ဆေးဝါးကုသစရိတ်များ ကုန်ကျရသည့်အပြင် ရဲတပ်ဖွဲ့နှင့် မီးသတ် တပ်ဖွဲ့တို့က အရေးယူဆောင်ရွက်ပေးရကြောင်း၊ ကုန်ထုတ်လုပ်မှုကိုလည်း ထိခိုက်စေကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အိန္ဒိယနိုင်ငံ နာဆင်းဂါးမြို့ရှိ ရဲအတတ်သင်သိပ္ပံ၏ ကျောင်းဆင်းပွဲတွင် အမျိုးသမီးရဲအရာရှိများက ကျွမ်းကျင်မှုစွမ်းရည်များ ပြသနေသည်ကို နိုဝင်ဘာ ၂၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဆူဒန်၏ ရေနံသယံဇာတကို ရယူနိုင်ရန် အနောက်အုပ်စု လှုပ်ရှားနေဟု ကဒါဖီစွပ်စွဲ

**ထရီပိုလီ နိုဝင်ဘာ ၂၂**

အနောက်အုပ်စုနိုင်ငံများသည် ဒါဖာဒေသသို့ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ကို စေလွှတ်ရန် အစီအစဉ်နှင့်အတူ ဆူဒန်နိုင်ငံ၏ ရေနံသယံဇာတကို ရယူနိုင်မည့်အစီအစဉ်ဖြင့် လှုပ်ရှားလျက်ရှိကြောင်း လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီက တနင်္ဂနွေနေ့တွင် စွပ်စွဲလိုက်သည်။ ဆူဒန်နိုင်ငံသည် ကုလသမဂ္ဂတပ်ဖွဲ့ကို လက်ခံခြင်းမရှိရန်လည်း ၎င်းက တိုက်တွန်းလိုက်သည်။ အနောက်အုပ်စုနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့သည် ဆူဒန်ပြည်သူတို့ကို စာနာထောက်ထားမှုမရှိသော်လည်း ယင်းနိုင်ငံမှ ရေနံကိုရယူနိုင်ရန်အတွက်လည်းကောင်း၊ အာဖရိကတိုက်တွင် နယ်ချဲ့ဝါဒပြန်လည်အသက်သွင်းရန်လည်းကောင်း ဦးတည်လှုပ်ရှားနေကြောင်း ကဒါဖီက ဆူဒန်အစိုးရတာဝန်ရှိသူများနှင့် ဒါဖာသူပုန်အုပ်စုမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ဒါဖာဒေသအပါအဝင် အာဖရိကဒေသများ၌ ဖြစ်ပွားသောစစ်ပွဲများကို ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်ခဲ့သူ ကဒါဖီ၏စွပ်စွဲပြောဆိုချက်သည် ဆူဒန်အစိုးရ၏ ဝေဖန်ပြောကြားချက်နှင့် တူညီနေသည်။ ဒါဖာဒေသတွင် ကုလသမဂ္ဂတပ်ဖွဲ့ချထားမှုသည် အနောက်အုပ်စုနိုင်ငံများ၏ ကိုလိုနီပြုလိုသည့်မူဝါဒကို ပြန်လည် အသက်သွင်းခြင်းဖြစ်သည်ဟု ဆူဒန်အစိုးရက ဝေဖန်ခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အစည်းအဝေးများ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

**အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

**တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့**

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ (ခ)ဦးလှမြင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေတို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၅ဦးရှိပြီး ကိုယ်စားလှယ် ၄၇၁ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ၀၂ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။



**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်မှ ဦးစိုင်းတင့်အောင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို စာတမ်းပြုစုရေးအဖွဲ့ခေါင်းဆောင် တနင်္သာရီတိုင်းမှ ဦးစိုးမြင့်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

**တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့**

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်မှ ဦးစိုင်းတင့်အောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးကံညွှန့်၊ မကွေးတိုင်းမှ ဦးတင်မောင်ကျော်တို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ ဦး ရှိပြီး ကိုယ်စားလှယ် ၈၂ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်မှ ဦးစိုင်းတင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းပြုစုရေးအတွက် တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားရယူပြီး ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ် တစ်ဦးစီပါဝင်သော စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ မိနစ် ၂၀တွင် ရုပ်သိမ်းလိုက်သည်။

**အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့**

အခြားဖိတ်ကြားသင့်သည်ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ပါဝင်မည့် ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီတို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၈၉ ဦးရှိပြီး ကိုယ်စားလှယ် ၅၈ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၆၅ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်မှ ဦးစောလှထွန်းနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ ပြည်နယ် ၄ှက်ဖျားဆရာဝန် ဒေါက်တာချမ်းသာ(ခ)ဦးညီညီတို့က အသီးသီးဖတ်ကြားတင်ပြကြရာ အလှည့်ကျသဘာပတိက ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကိုရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်း၍ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းပြုစုတင်ပြရေးအတွက် သဘာပတိအဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ရှင်းလင်းပြောကြားပြီး စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄–၁၁–၂၀၀၆ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | Myanmar Video Rhythm |
| ၇း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ | စိတ်ထားဖြူစင်ပါရမီရှင် |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | မကြာမီဆင်နွှဲ Miss မင်္ဂလာရွှေးချယ်ပွဲ |
| ၈း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၅ | World's Wonders |
| ၉း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ပွဲတင်သည့်ကံ) |
| ၉း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | သီးနှံစိုက်ပျိုးအထွက်တိုး “စပါးပန်းတိုင်အထွက်နှုန်း” |
| ၁၀း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၀ | ချိုဆိမ့်မွှေးမွှေး သကြားလုံးလေး |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၅ | သူတို့ပြောတဲ့သူတို့အကြောင်း (ကာတွန်းရွှေမင်းသား) |
| ၁၁း၁၅ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ | တန် ၃၀၀ ဆံ့ အအေးခန်းနှင့် ရေခဲစက်ရုံ |
| ၁၁း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅ | ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေး ပြပွဲ၊ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၅နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

## ကျောင်းသားဟောင်းများ မိတ်ဆုံပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၂–၇၈)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မိသားစုမိတ်ဆုံစားပွဲကို နိုဝင်ဘာ ၂၅ရက် (စနေနေ့) ညနေ ၆နာရီတွင် ကမာရွတ်မြို့နယ် ရေကြောင်းသိပ္ပံကျောင်းရှေ့ရှိ Lion City Restaurant ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် မိသားစုဝင်များ ခေါ်လာနိုင်ကြောင်း သိရသည်။

(က–ပ)

# နိုင်ငံရေးအမြတ်ထုတ်သူများ၏ ဓမ္မန္တရာယ်

**ဘိုးဘိုးအောင်**

**၂၉-၁၀-၂၀၀၆ ရက်နေ့၊ နံနက် ၉ နာရီနှင့် ၁၀ နာရီကြား။**

**ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း အထွတ်အမြတ်ထားရာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် မြောက်ဘက်စောင်းတန်းအောင်မြေ (ရာဟုထောင့်)။**

**အသက်(၉၀)အရွယ်၊ တတိယအရွယ်၏ နှလုံးသားဝေဒနာတစ်ရပ် အပြင်းအထန် ခံစားလိုက်ရသည့်နေ့၊ အဘ တစ်သက် မေ့မရသည့်နေ့။**

**နှလုံးစိတ်ဝမ်း ငြိမ်းချမ်းလို၍ သန္တိသုခ အေးရိပ်ဆာယာကို ရှာမိရာမှ ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရသည့်နေ့။**

အဘသည် သာယာဝတီခရိုင် ရေတိုက်ရွာအနီး ဇနပုဒ်မှ တောင်သူလယ်သမားကြီးတစ်ဦး ဖြစ်ပါသည်။ အသက် (၉၀) အရွယ်ဖြစ်၍ ခေတ်စနစ်အမျိုးမျိုးကို မီလိုက်ပါသည်။ သို့သော် အဘသည် နိုင်ငံရေးကို ဘာမျှနားမလည်ပါ။ မိဘလက်ငုတ်လက်ရင်း တောင်ယာလုပ်ငန်းကို ဆယ်နှစ်သားဘဝကတည်းက ပင်ပင်ပန်းပန်း လုပ်ခဲ့ရပါသည်။ ရွာဦးကျောင်းဆရာတော်ထံမှ သေစာရှင်စာတတ်လျှင် ပြီးရောဟု မိဘများက သဘောထားခဲ့၍လောမသိ၊ လောကဓာတ်ကျောင်းတွင် အဘ မနေခဲ့ရပါ။ မွေးချင်းများ သွေးချင်းများနှင့် သက်တူရွယ်တူ မိတ်သင်္ဂဟများ အများအပြား ကွယ်လွန်သွားခဲ့ကြပါပြီ။ ထို့ကြောင့် သားသမီးများ၏ တုံ့လှည့်ကျေးဇူးပြုမှုကို ခံယူကုသိုလ်ပေးပြီး ဒါန၊ သီလ၊ ဘာဝနာမှု အစုစုတို့ဖြင့်သာ ဘဝနေဝင်သည့်ကာလကို စောင့်မျှော်နေသူဖြစ်ပါသည်။ သားသမီးများက ဘုရားဖူးခေါ်၍ မြေး၊ မြစ်၊ တီများနှင့်တွေ့ရန် ရန်ကုန်လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီးအနီးရှိ ရပ်ကွက်တွင် သားသမီးများ အခြေချနေထိုင်သည်ဖြစ်၍ အခါအားလျော်စွာ ဘုရားကြီးသို့ တက်ရောက်ဖြစ်ပါသည်။

> **တကယ်တော့ အောင်မြေသည် နိဗ္ဗာန်ရောက်ကြောင်းတရားကိုပွားများအားထုတ်ကြသူတို့နှင့်သာ ထိုက်တန်။ သို့တည်းမဟုတ် နိဗ္ဗာန်ရောက်ကြောင်းတရားကို အထောက်အပံ့ဖြစ်စေသော အကျိုးစီးပွားနှင့်သာ သက်ဆိုင်။ ကလိမ်ချို့ လောကနိဗ္ဗာန်ဆော်များနှင့် အောင်မြေသည် လားလားမျှ မထိုက်တန်။**

အဘသည် တနင်္ဂနွေသားဖြစ်ပါသည်။ မိဘများက မောင်အောင်ဟု ချစ်စနိုးခေါ်ပါသည်။ အမည်အပြည့်အစုံမှာ ဦးအောင်ဇေယျ ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါနေ့က ရက်ရာဇာလည်းကျ၊ မိမိ မွေးနေ့လည်းဖြစ်၊ အသက်(၉၀) ပြည့်မြောက်သည့် နေ့နှင့်လည်း တိုက်ဆိုင်နေ၍ အဘ နေထိုင်ရာ ကျေးလက်ဒေသရှိ စေတီနှစ်ဆူ ပြုပြင်မွမ်းမံမည်ဟူသော စိတ်အကြံအစီအစဉ်ဖြင့် အောင်မြေသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့ပါသည်။ အဘရောက်၍မှ မကြာမီ လူစုလူဝေးတစ်ခု၏ လှုပ်ရှားမှုကို သတိပြုလိုက်မိပါသည်။ သို့သော် မိမိ၏အစီအစဉ် စိတ်အကြံအာရုံကိုပင် ဦးတည်ဝတ်ပြုဆုတောင်း၍ ဝိပဿနာတရား တတ်အားသမျှ အားထုတ်မည်ဟု သမာဓိကို တည်ဆောက်ပါတော့သည်။

သို့သော်...အဘတို့ ကျေးလက်မှ တောရကျောင်းနှင့် မတူခြင်းကြောင့်၊ ဘေးမှ အတိုင်အဖောက်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လွှမ်းသွားသော ဝတ်ပြုဆုတောင်းသံများ ကြားလိုက်ရသောကြောင့် အာရုံအနည်းငယ် ပျက်သွားပါသည်။ မျက်စိကလည်း မကောင်း၊ နားကလည်း အသင့်အတင့်သာ ကြားတော့သဖြင့် ပတ်ဝန်းကျင်ကို လေ့လာလိုက်ရာ ရုတ်ရုတ်သဲသဲ လှုပ်လှုပ်လှဲလှဲ တစ်စုံတစ်ခုတော့၊ တစ်ခုခုဟူ၍တော့ သတိထားလိုက်မိပါသည်။ အဆိုပါအုပ်စု၏ ဝတ်ပြုဆုတောင်းသံနှင့် မရှေးမနှောင်းမှာပင် အဘနှင့် အဘဘေး ဝတ်ပြုဆုတောင်း တရားထိုင်နေကြသော သက်ကြီးရွယ်အိုများ၊ လူလတ်ပိုင်းများ၊ အမျိုးသား၊ အမျိုးသမီး အတော်များများသည် ကပျာကယာထ၍ အောင်မြေမှ အလျှိုအလျှို ထွက်ခွာသွားကြပါတော့သည်။

အဘလည်း သမာဓိအားကို အစွမ်းကုန် အရှိန်မြှင့်တည်ဆောက်၍ ပတ်ဝန်းကျင်၏ အနှောင့်အယှက် အသံဗလံများကို ဥပေက္ခာပြု လျစ်လျူရှု၍ ဝိပဿနာတရား ဆက်လက်အားထုတ်ပါသည်။ သို့သော် မရတော့ပါ။ အဘက အခြားသူများကို အပြစ်မတင်ပါ။ မိမိ၌ သမာဓိအားနည်းနေသေးပါ သေးသကောဟူ၍ မိမိကိုယ်မိမိ အပြစ်တင်ပြီး တနင်္ဂနွေထောင့်သို့ သုတ်ခြေတင်ကာ အဆိုပါ လူအုပ်ကို ကျောခိုင်း၍ မိမိ၏အစီအစဉ်ကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ များမကြာမီ "အဖေ" ဟူသော ခေါ်သံ ကြားလိုက်ရပြီး သမီးကြီးတို့မိသားစု ကျွန်တော့်ဘေးတွင်ရောက်ရှိနေကြောင်း တွေ့လိုက်ရပါတော့သည်။ နံနက်စာ စားရန်အချိန်လည်း ရောက်ခဲ့ပါပြီ။

"အဖေ-အဖေ-အစီအစဉ်ပြီးပြီလား၊ လာ ပြန်ရအောင်"

သမီးကြီး၏ စကားဆုံးသည်နှင့် မြေးကြီးဖြစ်သူ သားယောကျ်ားလေးက အဘအား ချိုင်းနှစ်ဖက်မှမ၍ ထစေပါတော့သည်။

"သမီး အလုပ်မသွားဘူးလား။ ဘယ်အချိန်ရှိပြီလဲ၊ သားကော အလုပ်မသွားသေးဘူးလား"

အဘက မေးလိုက်ပါသည်။

"သမီးတို့ ဒီနေ့ အလုပ်ပိတ်ပါတယ်၊ ဒါ့ကြောင့် အဖေ့ကို လာကြိုတာ"

ယုံရခက်ခက်ပင်။ သမီးကြီးနှင့် မြေးယောကျ်ားလေးတို့သည် စနေ၊ တနင်္ဂနွေပါမနား၊ ကိုယ်ပိုင်လုပ်ငန်း လုပ်နေကြသူများဖြစ်၍ ယခုကဲ့သို့ တကူးတကလာကြိုသည်ဆိုသောအခါ တအံ့တသြဖြစ်ရပါသည်။ သို့သော် ခါတိုင်းလို ထမင်းချိုင့်လည်း မပါ၊ ထမင်းစားချိန်လည်း နီးကပ်နေပြီဖြစ်၍ ပြန်လိုက်သွားပါတော့သည်။

"အဖေရယ် ခုမှပဲ စိတ်အေးရတော့တယ်၊ သမီးတို့စိတ်ပူလိုက်ရတာ"

သမီးကြီး၏ နှုတ်ထွက်စကားဖြစ်၏။ ရုတ်တရက် ကျွန်ုပ် အံ့အားသင့်သွား၏။

"ဘာဖြစ်လို့လဲ သမီးရဲ့၊ အဖေ ဘာမှမဖြစ်ပါဘူး"

"ဟုတ်ပါတယ် အဖေ ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် ရပ်ကွက်ထဲက သတင်းစကားက ၈၈မျိုးဆက် ကျောင်းသားအုပ်စုဆိုလား၊ ဘာလား မသိဘူး၊ ရွှေတိဂုံစေတီတော် ရင်ပြင်ထက် တက်သွားလေရဲ့၊ ဘာတွေ ဗရုတ်သုတ်ခ လုပ်မလဲမသိဘူးလို့ ပြောသံကြားရတာနဲ့ ချက်ချင်းလိုက်လာတာ"

"သြော်-ဟုတ်ပြီ ဟုတ်ပြီ၊ အများပြည်သူ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစွာ ဘုရားဝတ်ပြု ကုသိုလ်ယူ ဒါန၊ သီလ၊ ဘာဝနာပြုမှု ကိစ္စအဝဝကို ဒင်းတို့ နှောင့်ယှက်သည်အထိပင် အတင့်ရဲလာပကော..."

ဟု ကျွန်ုပ်စိတ်ထဲမှ ကောက်ချက်ချလိုက်မိ၏။ တစ်ချိန်တည်း ၎င်းတို့ကိုလည်း ကရုဏာပွားလိုက်မိ၏။

**သြော်- တကယ်တော့ အောင်မြေသည် နိဗ္ဗာန်ရောက်ကြောင်း တရားကို ပွားများအားထုတ်ကြသူတို့နှင့်သာ ထိုက်တန်ပေ၏။ သို့တည်းမဟုတ် နိဗ္ဗာန်ရောက်ကြောင်းတရားကို အထောက်အပံ့ဖြစ်စေသော အကျိုးစီးပွားနှင့်သာ သက်ဆိုင်ပေ၏။**

မြတ်ဗုဒ္ဓကဲ့သို့သော ဘုန်းရှင်ကံရှင် ပါရမီရှင်သည်ပင်လျှင် နိဗ္ဗာန် **ရောက်ကြောင်းတရားကို အားထုတ်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့ရပေသေး၏။**

**ကလိမ်ချို့ လောကနိဗ္ဗာန်ဆော်များနှင့် အောင်မြေသည် လားလားမျှ မထိုက်တန်ချေ။ နိဗ္ဗာန်ရောက်ကြောင်းတရားကား ဖြတ်လမ်းမရှိ၊ ထို့အတူ လောကနိဗ္ဗာန် တည်ဆောက်မည်ဟု ကြွေးကြော်နေသော ကလိမ်ချို့ လောကနိဗ္ဗာန်ဆော်များ၊ မင်းမဲ့ဝါဒီများ၊ ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေး အမြတ်ထုတ်သူများ၏ ဓမ္မန္တရာယ်ကား မသေးလှချေတကား။**

သူတော်ကောင်းတရား ခုနစ်ပါးတွင် သဒ္ဒါတရား ထက်သန်မှုကား မိမိ၏ အဇ္ဈတ္တသန္တာန်၌ မယိုင်မလဲ ခိုင်မြဲလှသော်လည်း ယင်းသဒ္ဒါတရား ထက်သန်မှုကို မလိုလားအပ်သော ဗဟိဒ္ဓအသွင်သဏ္ဌာန် တစ်ရပ်ကြောင့် မည်သို့မျှ ပျက်စီးဆုံးရှုံးမခံနိုင်ဟု ကျွန်ုပ် တစ်ချိန်တည်းတွင် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက် ချလိုက်မိပါတော့သတည်း။ ။

**အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း ၂ရပ်ကွက် တိုက်(၂၇၆)မှ ဗိုလ်မှူးကြီးခင်မောင်ကြည်အား ရည်စူး၍ ဒေါ်သိန်းသိန်းနှင့် မိသားတစ်စုက အလှူငွေ ကျပ် ၁၅၀၀၀၀ကို ကမာရွတ်မြို့နယ် အောင်မင်းခေါင် ဘုရားလမ်းနှင့် ဝင်ဒါမီယာဘုရားလမ်း နေအိမ်တွင် ပေးအပ်လှူဒါန်းရာ ကျောင်းတော်ကြီးဆောက်လုပ်ရေး အထွေထွေအကျိုးတော်ဆောင် ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး)က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။** (က-ပ)

## ကလောစက်မှုသိပ္ပံ ကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ကလော စက်မှုလက်မှု သိပ္ပံကျောင်းသား၊ ကျောင်းသူဟောင်းများ(၁၉၆၉-၁၉၉၁)၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ ဓမ္မဗိမ္မာန်တော်ကြီး ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာ၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ရန်ကုန်မြို့ ဦးသိန်းဝင်း ဖုန်း-၅၀၁၆၈၈၊ ဦးညွန့်လွင် ဖုန်း-၇၀၉၆၂၃၊ ဒေါ်ချယ်ရီအောင် ဖုန်း-၆၅၁၀၆၈၊ မန္တလေးမြို့ ဦးထွန်းအောင် ဖုန်း-၀၂-၆၃၀၃၆၊ ဦးသိန်းထွန်း ဖုန်း-၀၉-၅၁၆၃၉၄၈၊ ဖုန်း-၀၂-၆၂၄၆၁၊ ဦးစိုးထွန်း ဖုန်း-၃၃၈၁၈၊ ဦးတင်ထွန်းမင်း ဖုန်း-၀၉-၅၁၃၇၀၈၈၊ SPA ကလောမြို့၊ ဦးသန်းစိုး ဖုန်း-၀၈၁-၆၀၀၃၃၊ ပျဉ်းမနား ဦးအောင်ငွေ ဖုန်း-၀၆၇-၂၂၇၄၂၊ မုံရွာဦးသောင်းတင် ဖုန်း-၀၇၀-၂၂၂၂၆၊ ၂၂၂၂၅ Ext:၃၃၂၊ ဒေါ်အေးအေးထွေး ဖုန်း-၀၇၁-၂၁၆၅၆၊ ပြင်ဦးလွင် ဦးကျော်ညွန့် ဖုန်း-၀၉-၂၀၄၄၃၂၀၊ လားရှိုး ဒေါ်သီတာရင် ဖုန်း-၀၈၂-၂၂၆၈၁ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

**ပထမအကြိမ် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် အနော်မာလမ်း ကြာသပတေးပတ် ရွှေပါရမီဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲအထူးတရားပွဲကို နိုဝင်ဘာ ၁၃ရက် ညက ဆွမ်းလောင်း အသင်းရှေ့မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုန္ဒရ (တိပိဋကဓရ၊ တိပိဋကကောဝိဒ) အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်စဉ်။** (က-ပ)

## ရတနတ္တယသမဂ္ဂအသင်း ရွှေပြားသက်န်း လှည့်လည်အပူဇော်ခံမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

(၅၆)ကြိမ်မြောက် စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ရတနတ္တယသမဂ္ဂအသင်းကြီး၏ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်၊ ရွှေသား၊ ရွှေပြားသင်္ကန်းတော် ဆက်ကပ်လှူဒါန်း လှည့်လည်ပူဇော်ပွဲကို စမ်းချောင်းမြို့နယ်အတွင်း ရပ်ကွက်အသီးသီးသို့ ဒီဇင်ဘာ ၁ ရက်နှင့် ၂ရက်များတွင် လှည့်လည်ပူဇော်ကာ ဒီဇင်ဘာ ၃ရက်တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်းသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး ရွှေပြားသင်္ကန်းတော် ရေစက်ချအခမ်းအနားတွင် ဓမ္မပူဇာသဘင် ကိုးရက်တိုင်တိုင် ကျင်းပပူဇော်မည်ဖြစ်သည်။ (က-ပ)

**ရန်ကင်းမြို့နယ် ပြည်သာယာဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်းနေ ခင်ပွန်း ဦးခင်မောင်အေး (စာရေးဆရာတိမ်မိုးလှိုင်)အားရည်စူး၍ ဒေါ်အေးအေးမိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် တနိုင်းမြို့နယ်၊ ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

**ကချင်ပြည်နယ် တနိုင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၀ ရက် နံနက် ၆ နာရီခွဲတွင် တနိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇ နာရီတွင် တနိုင်း-ရှင်ဗွေယန်လမ်းပေါ်ရှိ တဝမ်ချောင်းသို့ ရောက်ရှိကြသည်။**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တဝမ်ချောင်း ရေစီးဆင်းမှု အခြေအနေနှင့် မော်တော်ယာဉ်များ ချောင်းဖြတ်ကူးသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့နယ် ဟူးကောင်းဒေသ ပန္နက်ကျေးရွာအနီး မိုင်တိုင် ၁၃၁/၀ ရှိ ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီလီမိတက်၏ ကြံကေနစ်သိန်းစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးယွတ်ဖော်ခေါင်က ကြံနှင့် ပီလောပီနံစိုက်ပျိုးမည့် အစီအစဉ်များ၊ စက်ယန္တရားများရောက်ရှိမှုနှင့်မြေပြုပြင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နှစ်အလိုက် စိုက်ပျိုးမည့်သီးနှံ စိုက်ပျိုးရန် လျာထားစာရင်းဇယားများ ပြုစုထားရန်နှင့် လာမည့်နှစ် ကြံရာသီတွင် လျာထားဧက ၃၀၀၀၀ ပြည့်မီစွာ စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားသည်။

ဂျိတ်လင်း(န်)မြန်မာကုမ္ပဏီသည် မြစ်ကြီးနား-တနိုင်း-ရှင်ဗွေယန်ကားလမ်းဝဲ ယာတို့တွင် ပန္နက်ကျေးရွာ မိုင်တိုင် ၁၃၁/ဝမှခလုံးကျေးရွာ မိုင်တိုင် ၁၅၅/ဝအထိစုစုပေါင်း၂၄မိုင်၌မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ ရှိန်လုံဂါးကျေးရွာတွင် ၆၆၃၉၉ ဧက၊ ရှင်ဗွေယန် တရုံကျေးရွာတွင် ၁၁၂၀၈၆ဧက၊ ခလုံးကျေးရွာတွင် ၂၁၅၁၅ ဧက စုစုပေါင်း ဧကနစ်သိန်းတွင် ကြံ၊ ပီလောပီနံ၊ ခြံစည်းရိုးကြက်ဆူပင်နှင့် ဒေသနှင့် ကိုက်ညီသည့် အခြားသီးနှံများကို ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် လီဒိုလမ်းပေါ်ရှိ တနိုင်းတံတားသို့ ရောက်ရှိကြပြီး ရှုရပ်ရှင်းလင်းဆောင်တွင် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၅)မှ အင်ဂျင်နီယာဦးမင်းနိုင်ဦးက တနိုင်းတံတား ရေလမ်းကြောင်း ထိန်းသိမ်းရေးနှင့် ကမ်းပြိုမှုကာကွယ် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တနိုင်းခချောင်း ရေစီးဆင်းမှု၊ အမှတ်(၂)ကမ်းကပ်ခုံမှ တစ်ဖက်ဆင်ခြေလျှော ကျောက်စီမြေထိန်းနံရံနှင့် နန်းဖမ်းတန်းများ ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီး ကြမ်းခင်းသံပေါင်များ ကြွခိုင်မှုတို့ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားကြီးရေရှည်ကြံ့ခိုင်ရေး အတွက် တာဝန်ရှိသူအဆင့်ဆင့်က ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။ အဆိုပါတနိုင်းတံတားကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ခဲ့ပြီး အရှည် ၉၄၂ပေရှိ သံပေါင် RPT သံပေါင်အမျိုးအစား တံတားဖြစ်သည်။ ခံနိုင်ဝန်အားမှာ တန် ၃၀ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တနိုင်း-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် ၁၀၉/၀ရှိ တနိုင်းတပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ဧက၁၀၀တွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ဧက ၁၀၀၀ပြည့်အောင် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းတပ်နယ်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကောင်ရာကျေးရွာအုပ်စု၏ ဧက ၂၅၀ တွင် ဒေသထွက် မျိုးသန့်မိုးစပါးများ ရင့်မှည့်၍ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူအားမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်း-မြစ်ကြီးနားလမ်း မိုင်တိုင် ၁၀၄/၀ နန်ဖြတ်ရွာအနီးရှိ တနိုင်းတပ်နယ်၏ ဧက၁၀၀၀ရော်ဘာစိုက်ခင်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက နှစ်ရှည်ပင် ရော်ဘာကို ဧက ၁၀၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၄၀၈ ဧက၌ ၁၁၃ဧကစိုက်ပျိုးပြီးစီးမှု အခြေအနေ၊ တောရှင်းမြေပြင်ဧက ၁၂၀၊ ကျင်းတူးပြီး စိုက်ပျိုးရန်အသင့်ရှိသော ၁၁၃ ဧက၊ ပျိုးထောင်ထားသည့် ရော်ဘာပျိုးပင်တို့၏ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တနိုင်းတပ်နယ်၏ စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာပင်များကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တိန်တောက်ကျေးရွာ တောင်သူဦးမြဟန်၏ နှစ်ရှည်သီးနှံစိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တောင်သူဦးအောင်ဇော်လွင်က ဧက ၃၀၀ တွင် ခြံစည်းရိုးကြက်ဆူ ၂၅ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် တညင်း၊ လိမ္မော်၊ ကွမ်းသီးပင်များ စိုက်ပျိုးမည့် အခြေအနေတို့ကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တနိုင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်နယ်မြေခံတပ်နယ်သို့ရောက်ရှိပြီး တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ စားသုံးသီးနှံပင်များနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ရေးအကျယ်တဝင့်မှာကြားပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တနိုင်း-မြစ်ကြီးနား လမ်းပေါ်ရှိ ဒွန်ဘန်တံတားသို့ ရောက်ရှိကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဘူးဂါးကုမ္ပဏီ၏ ရော်ဘာစိုက်ပျိုးရေးစိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ကွင်းတာဝန်ခံ ဦးအယ်ထော်ဒေါင်နှင့် မိုးကောင်းမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းတို့က ရော်ဘာစိုက်ပျိုးရန် ဧက ၄၂၀ တွင် ၁၁၄ ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် လွယ်လီယံကျေးရွာရှိ ဦးမောင်အိုက်၏ ရော်ဘာစိုက်ခင်းသို့လည်းကောင်း၊ ဆီးဒီယံကျေးရွာရှိ တောင်သူဦးမရန်ဖော်ဘောမ်၏ ရော်ဘာစိုက်ခင်းသို့လည်းကောင်း၊ လွယ်လီယံကျေးရွာရှိ တောင်သူဦးမောင်ရီ၏ ရော်ဘာစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာ ရော်ဘာစိုက်ခင်းများတွင် တောင်သူများရယူထားသော မြေနေရာများတွင် ဧကအပြည့်အဝ စိုက်ပျိုးကြရေး တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ လွယ်လီယံကျေးရွာတွင် ရော်ဘာစိုက်ဧက ၁၂၄ ဧကတွင် ဧက ၃၀စိုက်ပျိုးပြီးစီး၍ ဆီးဒီယံကျေးရွာတွင် ရော်ဘာစိုက်ဧက ၅၄၇ ဧကတွင် ၁၇၆ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်းမကြီး (နမ္မတီး-တနိုင်း-တဂတ်ခအပိုင်း) ပြုပြင်ခြင်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းက မြစ်ကြီးနား-လီဒိုလမ်းဟောင်း လမ်းဖော်ပြုပြင်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်တို့သည် မြစ်ကြီးနား-လီဒို လမ်းဟောင်း မြေသားလမ်း ပြုပြင်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြတောင်ကျေးရွာရှိ မိုးစပါး စိုက်ခင်းတောင်သူ ဒေါ်ခင်ထွေး၏ ကွင်းအမှတ် (၅၆)သို့ ရောက်ရှိကြရာ မိုးကောင်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဒေါ်ထွေးသန်းက မြတောင်ကျေးရွာတွင် မိုးစပါး စိုက်ပျိုးစိုက်ဧက ၉၂၁ဧကတွင် စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးမှု အခြေအနေနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရင့်မှည့်၍ အောင်မြင်ဖြစ်ထွန်းနေသော တောင်သူ ဒေါ်ခင်ထွေး၏ မိုးစပါးစိုက်ခင်းကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြား၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မိုးကောင်းမြို့သို့ ညနေပိုင်းတွင် ရောက်ရှိပြီး ညအိပ်ရပ်နားသည်။

(သတင်းစဉ်)


## သတ္တမအကြိမ်

## မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

## ရန်ကုန်မြို့

## ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ( ၂၅-၂၆ ) ရက်နေ့


## သံအမတ်ကြီးဦးနေဝင်း ဆွီဒင်နိုင်ငံဆိုင်ရာ သံအမတ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဆွီဒင်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို နိုဝင်ဘာ ၉ ရက်တွင် စတော့ဟုမ်းမြို့၌ ဆွီဒင်နိုင်ငံ သော၌သမြောက်ကား(လ်)ဂူစတပ်(ဖ်) ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## ငါးသိုင်းချောင်း အထက အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဧရာဝတီတိုင်း ငါးသိုင်းချောင်းမြို့နယ်ရှိ ငါးသိုင်းချောင်း အထက၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက ငါးသိုင်းချောင်း ကျောင်းခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများကို ဦးစိုးမြင့် AE ဖုန်း-၅၄၃၂၈၅၊ ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ ဦးမျိုးမြင့် ဖုန်း-၆၂၉၅၆၃၊ ဦးစောလွင် (ရတနာ) ဖုန်း-၀၉၈၀၂၃၁၅၀၊ ဦးခင်မောင်လှိုင် ဖုန်း-၅၀၀၇၉၇၊ ဦးသောင်းထွန်း ဖုန်း-၇၀၅၀၅၆ နှင့် ဦးခင်မောင်ထွေး ဖုန်း-၀၉၂၀၄၂၁၆၆နှင့် မစုး(သဇင်နွယ်) ပန်းဆိုးတန်းတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန်တို့ နေပြည်တော်လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**
(သတင်းစဉ်)

**✳ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ပြန်လည်နှုတ်ဆက်သည်။

**ပို့ဆောင်**

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ ထွက်ခွာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

**❁ နိုင်ငံတော်ဝန်ကြီးချုပ်မှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန်နှင့်အတူ Minister of Foreign Affairs, H.E. Mr. Nitya Pibulsonggram၊ Minister of Energy, H.E. Mr. Piyasvasti Amranand၊ Minister of Labour, H.E. Mr. Apai Chandana-chulaka၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ Secretary -General to the Prime Minister, Gen.Pongthep Tesprateep နှင့် ထိုင်းနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးတို့အတွက် ခင်မင်ရင်းနှီးစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စုရာယုဒ်၊ ချူလာနွန်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**
(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဝါးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၃**

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ သစ်နှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (ITTO)တို့ လေးနှစ်ကြာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်"ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေသည့် သစ်တောစီမံအုပ်ချုပ်မှု၌ ပြည်သူတို့ တက်ကြွစွာပါဝင်သော ဝါးအသုံးပြုမှုမြှင့်တင်ရေး လုပ်ငန်းစီမံကိန်း"၏ ဒုတိယအကြိမ်မြောက် ဝါးအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသနဌာန ခန်းမတွင်ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲသို့ ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့်စိုက်ပျိုးရေးသုတေသန၊ သစ်တောသုတေသနတို့မှ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီမံကိန်းဝင်ကျေးရွာများမှ ဒေသခံပြည်သူများ စုစုပေါင်း ၅၀ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ဝါးသုတေသန ပညာရှင်များဖြစ်သော အိန္ဒိယနိုင်ငံမှ Dr. K.K. Seethalakshmi နှင့် ထိုင်းနိုင်ငံမှ Mr. Chudchawan Sutthisri-silapa တို့၏ စာတမ်းများ အပါအဝင် စာတမ်းကိုးစောင် ဖတ်ကြားကြသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံဆရာဝန်အသင်း (၁၈)ကြိမ်မြောက် မျက်စိရောဂါကုပညာအဖွဲ့ ညီလာခံဖွင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံဆရာဝန်အသင်းက ကြီးမှူးကျင်းပသော (၁၈)ကြိမ်မြောက် မျက်စိရောဂါကုပညာအဖွဲ့ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပသည်။**

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း (၁၈)ကြိမ်မြောက် မျက်စိရောဂါကုပညာအဖွဲ့ ညီလာခံကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမြအောင်က ညီလာခံကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ညီလာခံသို့ မျက်စိဆရာဝန်စုစုပေါင်း ၁၆၅ ဦး တက်ရောက်ကြပြီး ညီလာခံကို နိုဝင်ဘာ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (ITTO)တို့ပူးပေါင်း၍ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေသည့်သစ်တောစီမံအုပ်ချုပ်မှု၌ ပြည်သူတို့ တက်ကြွစွာပါဝင်သော ဝါးအသုံးပြုမှုမြှင့်တင်ရေး လုပ်ငန်းစီမံကိန်း၏ ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။**

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာမှ မော်တော်ယာဉ်များဖြင့် နေပြည် တော်လေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည် ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၁-၂၀၀၆(သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅၁၀။ English for Everyday Use.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Demonstration Exercises For Correct Pronunciation
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅း၃၀ ၇။ မြန်မာစာ၊မြန်မာစကား
၅း၄၅ ၈။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ" (ကျော်ရဲအောင်၊ချစ်သူ၊ ဇော်ဝင်းမောင်၊မော့စ်၊ လင်းဇာနည်ဇော်၊ပွင့်) (ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး-ဝ/သရန်ကုန်)**
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀၁၀။ မိုးလေဝသအခြေအနေ
၆း၃၅၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၇း၀၅၁၂။ နှောင်းခေတ်တေးပဒေသာ
၇း၂၀၁၃။ **လောကရဲ့ အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)**
၈း၀၀ ၁၄။ ပြည်တွင်း သတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ပထမချစ်ပုံပြင်" (အပိုင်း-၂၀)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

## ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံ သံရုံး သံအမတ်ကြီး H.E. Mr Bhaskar Kumar Mitra အား ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် ကန်တော့

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့မှ ကြီးမှူး၍ ၁၃၆၈ခုနှစ် စာဆို တော်နေ့ အထိမ်းအမှတ်သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ ပွဲကို နိုဝင်ဘာ ၁၉ရက် နံနက် ၉နာရီ တွင် မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၁၁ဦးအား ပင့်ဖိတ်ကန်တော့ရာတွင် ပူဇော်ပွဲ ကျင်းပရာ ရန်ကုန်မြို့တော်ခန်းမသို့ ၇ဦးသာ ကြွရောက်အပူဇော်ခံနိုင်ကြ သည်။

ကြွရောက်အပူဇော်ခံနိုင်ခြင်းမရှိသော ရန်ကုန်တိုင်းမှ သက်ကြီးစာပေပညာ ရှင် ၂ဦးတို့အား မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန်း မောင် (သန်းမောင်)၊ တွဲဖက်အတွင်း ရေးမှူး(၃) ဦးစိုးရိန်(မောင်စိုးထိုက်-သုံးဆယ်)နှင့် သက်ဆိုင်ရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် ကျောက် တံတားမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ လမ်းမတော်မြို့နယ်၊ ကမာရွတ်မြို့နယ် များမှ သက်ကြီး ကန်တော့ခံစာပေ ပညာရှင်များအား လည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်း ဦး (ဒေါက်တာတင်ထွန်းဦး)၊ ဗဟိုအမှု ဆောင်များဖြစ်ကြသည့် ဦးအောင် သိန်းဝင်း(မောင်ခိုင်ခန့်)၊ ဦးမောင် မောင်မြင့်အေး (မောင်မောင်မြင့်အေး) နှင့် သက်ဆိုင်ရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ပါဝင်သော အဖွဲ့သည် ရန်ကင်းမြို့နယ်၊ ဗဟန်း မြို့နယ်များမှ သက်ကြီး ကန်တော့ခံ စာပေ ပညာရှင်များအားလည်း ကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သန်း)၊ တွဲဖက် အတွင်းရေးမှူး(၂) ဦးကိုကို(ကိုကို-စက်မှု)၊ ဗဟိုအမှုဆောင် ဦးခင်ဆွေ (ရွှေစွန်ညို)နှင့် သက်ဆိုင်ရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်များမှ သက်ကြီး ကန်တော့ခံ စာပေပညာရှင်များအား လည်းကောင်း အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ကြသည်။

အလားတူ မန္တလေးတိုင်း၊ စစ်ကိုင်း တိုင်းမှ ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များအား အိမ်တိုင်ရာရောက် သွားရောက် ကန်တော့ကြမည်ဖြစ်ပြီး ကျန်တိုင်းနှင့် ပြည်နယ်များမှ ကန် တော့ခံ သက်ကြီး စာပေပညာရှင်များ ကိုလည်း ကိုယ်စားလှယ်လွှဲစာဖြင့် လွှဲပြောင်းပေးပို့ ကန်တော့ကြမည်ဖြစ် ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တရားရုံးချုပ်(နေပြည်တော်) တရားမ အထူးအယူခံမှု စီရင်ချက်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

တရားရုံးချုပ်(မန္တလေး) ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးဦးခင်မြင့်နှင့် တရား ရုံးချုပ်(မန္တလေး) တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်းတို့ ပါဝင် သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်)တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ၁၁မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှုခြောက်မှုကို ကြားနာ ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင် များအသင်း၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။ နှစ်ပတ်လည် အစည်းအဝေးနှင့်အတူ ရေချိုမွေးမြူရေးငါးများ၏ မျိုးဗီဇအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (Workshop on Genetic Resources Development of Freshwater Cultured Fishes) ကိုပါ ပူးတွဲကျင်းပမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များနှင့် လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူ လုပ်ငန်းရှင်များက မျိုးဗီဇဆိုင်ရာ စာတမ်းပေါင်းငါးစောင်ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ရာ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အသင်းဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များ၊ ငါးသားပေါက်စခန်း တာဝန်ခံများ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ငါးမွေးမြူရေးလုပ်ငန်းနှင့် ဆက်နွှယ်သည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများတက်ရောက်ကြရန် ဖိတ်ကြား ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင်များ၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး လေ့လာရေးခရီး

ရန်ကုန် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့တို့ ဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ သက်ငယ်အဖွဲ့ဝင် ၅၀ တို့သည် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး လေ့လာရေး ခရီးစဉ်အဖြစ် ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ရောက်ရှိရာ အမျိုးသားပြတိုက် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ရတနာပုံခေတ်တွင် အသုံးပြုခဲ့ပြီး လွှတ်တော်၌ တရားစီရင်သော ပလ္လင်ဖြစ်သည့် သီဟာသနပလ္လင်အကြောင်းနှင့် ထိုခေတ်တွင် အသုံးပြုခဲ့သော အခြားပလ္လင်များ၏ အသုံးပြုပုံနှင့် ပြုလုပ်ထားသည့်ပစ္စည်းများကို အသေးစိတ် ရှင်းလင်းပြသသည်။**

ထို့နောက် ရတနာပုံခေတ်ပြခန်း၊ မင်းခန်းတော်ပစ္စည်းပြတိုက်၊ သမိုင်း တင်ခေတ်ပြခန်း၊ ကျေးလက်အနုပညာပြခန်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းနှင့် မြန်မာ့ပန်းချီ ခန်းမဆောင်တို့ကို ကြည့်ရှုလေ့လာ ကြရာ တာဝန်ရှိသူများက သက်ဆိုင် ရာပြခန်းအလိုက် ရှင်းလင်းပြသကြ သည်။

ထို့ပြင် မြန်မာ့ရိုးရာပန်းပညာရှင် များအစည်းအရုံး(ဗဟို)နှင့် ဂျပန်နိုင်ငံ မှ International Association for Asian Artists Network တို့ ပူးပေါင်းပြသသော ORIENT 2006 Myanmar-Japan Rainbow Bridge ပန်းချီပြပွဲကို ဆက်လက် လေ့လာကြပြီး ဗုဒ္ဓဆင်းတုတော်ပြခန်း နှင့် သဘာဝသမိုင်းပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

**ဆက်လက်မြှင့်တင်**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာန ကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် များအား မြန်မာနိုင်ငံရှိ ယဉ်ကျေးမှု များသည် မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူသင့်သည့် အမွေများဖြစ် ကြောင်း၊ တစ်ချိန်တွင် မိမိတို့၏ တာဝန်ဝတ္တရားများကို ပခုံးလွှဲပြောင်း ရယူကြမည့် ယနေ့သက်ငယ်အဖွဲ့ဝင် များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ကြည့်ရှုလေ့လာ ထိန်းသိမ်းခြင်းအားဖြင့် နိုင်ငံတော်၏ ဂုဏ်၊ မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်တို့ကို ဆက်လက်မြှင့်တင်သွားကြရန် လို ကြောင်း အကျယ်တဝင့် ရှင်းလင်း ပြောကြားပြီး အမျိုးသားပြတိုက်မှ မွန်းလွဲ ၁နာရီတွင် ပြန်လည်ထွက်ခွာ သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ သက်ငယ်အဖွဲ့ဝင်များ အမျိုးသား ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

## မြန်မာ မသန်စွမ်း အားကစားအဖွဲ့ မလေးရှားသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုဝင်ဘာ ၂၅ရက်မှ ဒီဇင်ဘာ ၁ရက် ထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၉)ကြိမ်မြောက် အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ မသန် စွမ်းသူများ အားကစားပြိုင်ပွဲသို့ ပါဝင် ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မသန်စွမ်း သူများ အားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် ခေါင်းဆောင် သော မြန်မာမသန်စွမ်းအားကစား အဖွဲ့ဝင် ၃၆ဦးသည် ယနေ့နံနက်ပိုင်း တွင် လေကြောင်းခရီးဖြင့် ထွက်ခွာ သွားကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန် စွမ်းသူများ အားကစားအဖွဲ့ချုပ် အမှုဆောင်များက ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်ဟုန်ဒေသ ဘိန်းအစားထိုး စိုက်ပျိုးရေး စီမံကိန်း စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အကောင်အထည်ဖော်

နေပြည်တော် နိုဝင်ဘာ ၂၃

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ နိုဝင်ဘာ ၂၀ ရက် နံနက် ၈နာရီခွဲတွင် မိုင်းဆတ်မြို့ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ မိုင်းဆတ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးရဲလောနှင့် အလုပ်အမှုဆောင်များ၊ မိုင်းဆတ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များတိုးတက်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်ကြရေး မှာကြားသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မိုင်းဆတ်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန၏ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီး ဒေါ်ကေသီစိုးက သင်ကြားပို့ချရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းကလိုအပ်သည်များကိုညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး မှာကြားရာတွင် ပြည်နယ်အတွင်း ဝေးလံခက်ခဲသော နယ်မြေဒေသ အပါအဝင် ပတ်ဝန်းကျင်ဒေသ အသီးသီးတို့မှ တက်ရောက် ပညာသင်ယူလျက်ရှိကြသည့် ဒေသခံတိုင်းရင်းသူလူငယ်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်နှင့်ဌာနဆိုင်ရာများကအတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်တန်းသူများအနေဖြင့်လည်း သင်ယူယုံသက်သက်မဟုတ်ဘဲ မိမိဘဝ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသဖွယ် အားကိုးအားထားပြုနိုင်အောင် အပတ်တကုတ်ကြိုးစား သင်ယူကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူး၊ အဖွဲ့ဝင်များသည် သင်တန်းသူများက ချုပ်လုပ်ထားသည့် အသုံးအဆောင် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ် ဒေါ်ကေသီစိုးက ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက သင်တန်းသူများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ် မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်–တာချီလိတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်ဟုန်ဒေသ ဘိန်းအစားထိုး စိုက်ပျိုးရေးစီမံကိန်း စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးအိုက်လောက်နှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကျော်နိုင်က စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ပျိုးထားရှိမှု၊ ပျားလိမ္မော်နှင့် စပါးစသော ဒေသထွက်သီးနှံများ စိုက်ပျိုးထားရှိမှု၊မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးထွက်ကုန်များ ဖြန့်ဖြူးရောင်းဝယ်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီနှစ်ရှည်ပင်စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာ၊လက်ဖက်တို့ကို တိုးချဲ့စိုက်ပျိုးရေး၊ ဘိန်းအစားထိုး အခြားသီးနှံများ တိုးချဲ့၍ ဆက်လက်စိုက်ပျိုးသွားရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်ဆောင်ရွက်ရေး၊ ဘိန်းအစားထိုးသီးနှံဖြစ်ထွန်းအောင်မြင်မှုများကို အများပြည်သူများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်လေ့လာကြသူများလည်း သိရှိနိုင်ရန် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့်ရေးသား၍ ဆိုင်းဘုတ်စိုက်ထူထားရှိရန်၊ စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများ သယ်ယူပို့ဆောင်ရေးတွင် လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံ တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရေး တို့ကို မှာကြားသည်။

ဝမ်ဟုန်ဒေသ၌ နှစ်ရှည်ပင် ရော်ဘာဧက ၁၀၀၀၀နှင့်ပျားလိမ္မော်ဧက ၃၀၀တွင် ၆၁၁၉၄ ပင် စိုက်ပျိုးထားရှိကြောင်း၊ ကျွဲ၊နွားနှင့်ဝက်များကိုလည်း မွေးမြူထားပြီး စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြောင်း။

ထို့အပြင် ခေတ်မီသောစက်များဖြင့် နှင်းသီးအခြောက်ခံခြင်းလုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်၍ ဖြန့်ဖြူးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ် – တာချီလိတ်လမ်း တစ်လျှောက်ရှိ လမ်းနှင့်တံတားများကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင်တာချီလိတ်မြို့သို့ရောက်ရှိကာ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

## သံအမတ်ကြီးဦးတင်လတ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်လတ်သည် ၎င်း၏ ခန့်အပ်လွှာကို နိုဝင်ဘာ ၆ ရက်တွင် ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် တွမ်ကူဆိုဒ်ဆီရာဂျူဒင် အစ်ဘ်နီအယ်လ်မာဟူမ် တွမ်ကူဆိုဒ်ပူထရာဂျမာလူလိုင်လ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

## အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၃

**အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အမှတ်(၇၇)ခြေမြန် တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ အထူးဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ပွဲတော်မှခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက အရောင်းဆိုင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီး ဌာန၏ မြန်မာ့အထည် အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့မှ ထုတ်လုပ်သော အဝတ်အထည်အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ဆေးဝါးနှင့် အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုးတို့ကို အထူး ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ(၁၀)ရက်စခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်း သုဝဏ္ဏသိင်္ဂီဓမ္မရိပ်သာကျောင်းတိုက်အတွင်း မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၉၈)ကြိမ်မြောက်စခန်းပွဲကို ဒီဇင်ဘာ ၃ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲ၌ သုဝဏ္ဏသိင်္ဂီပဓာနနာယကပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကစ္စာယနနှင့် ဆရာဦးသိန်းရွှေ(ပွင့်ဖြူ)တို့က ပဋိစ္စသမုပ္ပာဒ် သစ္စာတရားတော်များ ဟောကြားမည်ဖြစ်ပါသဖြင့် စခန်းဝင်မည့်ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

# ရေဝတီတိုင်းသည် နိုင်ငံတော်ကအားထားနေသော အဓိကတိုင်းကြီးခြောက်တိုင်း၌ပါဝင် စီးပွားရေး ပိုမိုတိုးတက်လာစေရန် ယခုထက်ပို၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

**ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။**

တွေ့ဆုံပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိများ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှု၊ မိုးစပါး စိုက်ပျိုးမှုနှင့် ရိတ်သိမ်းပြီးစီးမှု၊ နွေစပါးစိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးပြီးစီးမှု၊ သားငါးကဏ္ဍ ထုတ်လုပ်မှုနှင့် လျာထားချက်များအပေါ် ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဧရာဝတီတိုင်း၏ သားငါးထုတ်လုပ်မှုကို နိုင်ငံတော်မှ အားထား၍ လုပ်ငန်းရှင်များကို အားပေးအားမြှောက် ပြုနေမှုအခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်ပါက အကျိုးဖြစ်ထွန်းမှုအခြေအနေ၊ ငါးပုစွန် မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရေးနှင့် တိရစ္ဆာန်များ ရောဂါမကျရောက်စေရန် ဂရုပြုဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းသည် နိုင်ငံတော်က အားထားနေသော အဓိကတိုင်းကြီးခြောက်တိုင်းတွင် ပါဝင်သဖြင့် စီးပွားရေးပိုမိုတိုးတက်လာစေရန် ယခုထက်ပို၍ အင်တိုက်အားတိုက် တိုးတက်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပဲမျိုးစုံစိုက်ဧကများတိုးတက်လာစေရန် မိုးရာသီပဲအဖြစ် ၀ဝန်မြစ် အနောက်ဘက်ခြမ်းနှင့် သိလ္လာဒေသကုန်းကြောတို့၌ ပဲစင်းငုံစိုက်ပျိုးပါက ဖြစ်ထွန်းနိုင်မည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ တိုင်းအတွင်း သတ်မှတ်ထားသော စိုက်ဧကရရှိစေရန် အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍတွင် ရေချိုငါးကန်များအား သတ်မှတ်ဧက ၁၁၀၀၀၀ ပြည့်မီအောင် ဆောင်ရွက်ရန်နှင့် ပုစွန်ကန်အနေနှင့် သိပ္ပံနည်းကျမွေးမြူပြီး အထွက်နှုန်းတိုးတက်ရေးအတွက် ပညာပေးဆောင်ရွက်မှုများ ယခုထက်ပိုမိုဆောင်ရွက်ပြီး ကြိုးပမ်းမွေးမြူ ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း။

သားငါးကဏ္ဍအတွက် ဒေသ၌ဖြစ်ထွန်းသည့် ကြက်နှင့်ဘဲကို တိုးချဲ့မွေးမြူကြရန်နှင့် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တစ်ဖက်ကလည်းဒေသ၌ အောင်မြင်မှုရှိသော စက်မှုလုပ်ငန်းများကို ဖော်ထုတ်၍ မြေတောင်မြှောက်ပေးကြရမည်ဖြစ်ကြောင်း။

သို့မှသာ ဧရာဝတီတိုင်း၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစီမံကိန်းသတ်မှတ်ချက် ပြည့်မီပြီး ကျော်လွန်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများသည် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြမှသာ ဧရာဝတီတိုင်း၏ စီးပွားရေး တိုးတက်လာပြီး လူတစ်ဦးချင်း၏ ဝင်ငွေများပါ တိုးတက်လာမည်ဖြစ်သဖြင့် တာဝန်ရှိသူအားလုံးအောက်ခြေအထိ ကွင်းဆင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များသည် အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ မျိုးသန့်ကြက်သားပေါက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းသို့ ရောက်ရှိကြရာ ကြက်ခြံတာဝန်ခံက စခန်းအတွင်း Back Cock အမျိုးအစားကြက်၊ အသားစားကြက်နှင့် မျိုးကြက်များ မွေးမြူထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များနှင့် စီးပွားဖြစ်မွေးမြူလိုသူများသို့ ဖြန့်ဖြူးရောင်းချပေးမှုနှင့် ကြက်ဥဖောက် စက်၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ကြက်မျိုးကောင်းမျိုးသန့်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် စခန်းအတွင်း မွေးမြူထားသော ကြက်ဥနှင့် ကြက်သားပေါက်များ၊ ကြက်သားဖောက်စက်၏ လုပ်ငန်းလည်ပတ်မှု၊ မိဘမျိုးကြက်များ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ မျိုးကြက်ခြံနှင့် ကြက်သားပေါက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းရှိ ကြက်သားဖောက်စက်မှ ထွက်ရှိသော ရက်သားကြက်ငယ်များကို တိုင်းကြက်ခြံ၊ စုပေါင်းမွေးမြူရေးရွာ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များသို့လည်းကောင်း၊ ဧရာဝတီတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ တိုင်းအတွင်းရှိ မွေးမြူရေး လုပ်ငန်းရှင်များသို့လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ မွေးမြူရေးကုန်ထုတ်စခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံက မွေးမြူရေးလုပ်ငန်းများနှင့် ထုတ်လုပ်မှုများကို စွမ်းအားပြည့် ဆောင်ရွက်နေမှုအခြေအနေနှင့် အစာစပ်ထုတ်လုပ်မှု လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွေးမြူရေး ကုန်ထုတ်စခန်းအတွင်း Back Cock ကြက်များ မွေးမြူထားမှု၊ မျိုးကောင်းမျိုးသန့် ဝက်များ မွေးမြူထားမှု၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုတို့ကိုလည်းကောင်း၊ မွေးမြူရေးကုန်ထုတ်စခန်းရှိ တစ်ရက်လျှင် ပိဿာ ၁၆၀၀ ထုတ်လုပ်နိုင်သော အစာစပ်ရုံ၌ မွေးမြူရေးအစားအစာများ ထုတ်လုပ်နေမှုကို လည်းကောင်း၊ နို့စားနွား မွေးမြူရေးခြံ၌ နို့စားနွားများ မွေးမြူထားရှိမှုကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးရေးခြံအတွင်း ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ဧက ၆၀ စိုက်ပျိုးထားမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဗိုလ်မြတ်ထွန်းတံတားသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိန်းက ဧရာဝတီမြစ်ရေ စီးဆင်းမှုအခြေအနေနှင့် မြစ်ကမ်းပါးထိန်းသိမ်းမှု အခြေအနေကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးသိန်းဦးက ဗိုလ်မြတ်ထွန်းတံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တံတားကြီးပတ်ဝန်းကျင်၌ ကမ်းပါးကမ်းပြိုမှု ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရေး၊ တံတားကြီး ရေရှည်တည်တံ့ရေးကိစ္စ၊ သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများပါဝင်သော အဖွဲ့ ဖွဲ့စည်း၍ မပြတ်ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။(သတင်းစဉ်)

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း အနောက်တောင် တိုင်းစစ်ဌာနချုပ်၏ မွေးမြူရေး ကုန်ထုတ်စခန်းတွင် ကြက်မွေးမြူ ထားရှိမှု အခြေအနေကို ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)

## ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲကျင်းပရေး အုပ်ချုပ်သူများ ညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၂၃**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲကျင်းပရေး အုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီက ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ အိုလံပစ်ဟိုတယ်တွင် ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများက ဆွေးနွေးတင်ပြကြပြီး ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး လက်ထောက်ညွှန်ကြားရေးမှူး အား/ကာနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းကာ ဖြည့်စွက်တင်ပြကြသည်။ ၎င်းနောက် သဘာပတိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးသိမ်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲကို နိုဝင်ဘာ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ရန်ကုန်တိုင်း၊ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြ ၁၈ဦး၊ အားကစားသမားများအဖြစ် အမျိုးသား ၅၇ဦး၊ အမျိုးသမီး ၄၀ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)



**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ဇုန်နယ်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကြည်တင့်၊ မီးသတ်ဦးစီးမှူး ရဲသူရိန် ကိုကိုစိုးတို့ အမှတ်(၄၉) ရပ်ကွက်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လိုအပ်သည်များ မှာကြားစဉ်။** (က-ပ)

## သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆိုတိုင်ကြားနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ် သယ်ပိုးလျက်ရှိရာ မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုများပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အစဉ်တစိုက် ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သောနည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် မကိုက်ညီသော၊ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခဲ့ပါက ထိခိုက်နစ်နာသည့် ပြည်သူလူထုများကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၀၅၀၀၅၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၀၅၀၀၄၊ဖက်(စ်)၀၆၇-၄၀၅၀၇၁၊ သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈) နေပြည်တော် email; mofofficepma @ mptmail.netmm တို့ ဖြစ်သည်။

ထိုသို့တိုင်ကြားလာပါက ဝန်ကြီးရုံးအနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထုများကလည်း နည်းလမ်းမှန်ကန်စွာ ပါဝင်ဆောင်ရွက်ကြရန် အသိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ (က)အုပ်စု ရတခ ဇုန်(မော်လမြိုင်)၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု တပခ ဇုန်(တောင်ငူ)၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စု လပခ ဇုန် (မန္တလေး)၌ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ခုနစ်ဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ (င)အုပ်စု ရကတ ဇုန်(ရန်ကုန်)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကြေးမုံ The Mirror အင်တာနက် ကျန်းမာရေးသတင်း

၁၀ လသား ကလေးငယ်အား ဆရာဝန်များက အသည်းအစားထိုးကုသနေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# တရုတ်တွင် ၁၀ လသားအရွယ် ကလေးငယ်တစ်ဦး အသည်းအစားထိုးကုသမှု အောင်မြင်

**ရှန်ဟိုင်း နိုဝင်ဘာ ၂၃**

တရုတ်နိုင်ငံ၌ အသက် ၁၀ လသားအရွယ် ယောကျ်ားကလေးတစ်ဦးသည် ပြီးခဲ့သည့် အောက်တိုဘာ ၂၀ ရက်က အသည်းအစားထိုးကုသမှုခံယူခဲ့ရာ ယခုအခါ ၎င်း၏ ကျန်းမာရေးအခြေအနေသည် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ အဆိုပါကလေးငယ်မှာ ရှန်ဟိုင်းဆေးရုံမှ မကြာမီဆင်းခွင့် ရရှိတော့မည် ဖြစ်ကြောင်း ဆရာဝန်များက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

မိခင်၏အသည်း ခြောက်ပုံတစ်ပုံကိုရယူကာ အဆိုပါ ကလေးငယ်ကိုယ်တွင် အစားထိုးခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရာ ခွဲစိတ်ချိန် စုစုပေါင်း ၁၃ နာရီကြာမြင့်ခဲ့သည်။ တရုတ်နိုင်ငံရှိ အသည်းအစားထိုးကုသမှု ခံယူသူများတွင် လီယူသည် အသက်အငယ်ဆုံးဖြစ်သည်။

**ကျန်းမာရေးကောင်းမွန်**

လီယူသည် တရုတ်နိုင်ငံ ဟေနန်ပြည်နယ်သားဖြစ်သည်။ ကလေးငယ်သုံးလသားအရွယ်တွင် ကိုယ်အလေးချိန် စတင်ကျဆင်းလာပြီး အသည်းရောဂါလက္ခဏာများပြသလာကြောင်း၊ ယခုအခါ အစားထိုးပေးပြီးနောက် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ဆရာဝန်များက ပြောကြားသည်။

***အင်တာနက်***

# ဖီဖာ၏အဆင့်သတ်မှတ်ချက်စာရင်းတွင် ဘရာဇီးထိပ်ဆုံးမှရပ်တည်နေ

**လန်ဒန် နိုဝင်ဘာ ၂၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်လိုက်သော နိုဝင်ဘာလအတွက် ကမ္ဘာ့ဘောလုံးအဆင့်အတန်း သတ်မှတ်ချက်စာရင်းအရ ဘရာဇီးနိုင်ငံက ကမ္ဘာ့ချန်ပီယံ အီတလီနိုင်ငံ၏အထက်တွင် ၂၈မှတ်အသာဖြင့် ပထမနေရာ၌ ရပ်တည်လျက်ရှိကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။

**အသီးသီးရပ်တည်**

နိုဝင်ဘာလအတွက် ထုတ်ပြန်သော အဆိုပါစာရင်းတွင် အာဂျင်တီးနားက တတိယနေရာတွင် လည်းကောင်း၊ ပြင်သစ်က စတုတ္ထနေရာတွင်လည်းကောင်း၊ အင်္ဂလန်၊ ဂျာမနီနှင့် နယ်သာလန်တို့က ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမနေရာတို့တွင် လည်းကောင်း၊ ပေါ်တူဂီက အဋ္ဌမနေရာတွင်လည်းကောင်း၊ နိုင်ဂျီးရီးယားက နဝမနေရာတွင် လည်းကောင်း၊ ချက်သမ္မတနိုင်ငံက ဒသမနေရာတွင် လည်းကောင်း အသီးသီးရပ်တည်လျက်ရှိသည်။ ***အင်တာနက်။***

## ကြေးမုံ The Mirror အင်တာနက် အားကစားသတင်းများ

# ရှုံးထွက်အဆင့်သို့ တက်လှမ်းနိုင်မည်ဟု ချန်ပီယံ ဘာစီလိုနာနည်းပြ ယုံကြည်

**ဘာစီလိုနာ နိုဝင်ဘာ ၂၃**

မိမိ၏အသင်းသည် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ရှုံးထွက်အဆင့်သို့တက်လှမ်းနိုင်မည်ဟုယုံကြည်ကြောင်း လက်ရှိချန်ပီယံ ဘာစီလိုနာအသင်း၏ နည်းပြ ဖရန့်ခ်ရစ်ကတ်က ယနေ့ ပြောကြားသည်။

ဘာစီလိုနာအသင်းသည် အုပ်စု(က)တွင် ပါဝင်ပြီး လက်ဗ်စကီးဆိုဖီယာအသင်းနှင့် ဗုဒ္ဓဟူးနေ့က ဘူဂေးနီးယားနိုင်ငံ ဆိုဖီယာမြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် အုပ်စုအဆင့်မှ ကျော်လွန်ရေးအတွက် လာမည့် ရက်သတ္တနှစ်ပတ်အကြာတွင် အုပ်စုနောက်ဆုံးပွဲအဖြစ် ဝါဒါဘရီမင်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်အခါ ယင်းအသင်းကို အနိုင်ကစားရန်လိုအပ်သည်။

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ကို ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည့် ဘော်ဒိုးအသင်းက ဂလာတာဆာရေးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ အင်တာမီလန်အသင်းက စပိုးတင်းအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ လီဗာပူးအသင်းက ပီအက်စ်ဗွီအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ရှာတာဒိုးနက်အသင်းက ရိုးမားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ဗလင်စီယာအသင်းက အိုလံပီယာကော့စ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ ဝါဒါဘရီမင်အသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ပြီး စပါတာမော်စကိုနှင့် ဘေယန်မြူးနစ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

***အင်တာနက်။***



**နိုဝင်ဘာ ၂၂ရက်က ဆိုဖီယာတွင် ကျင်းပသည့် ချန်ပီယံလိဂ် အုပ်စု(က)ပွဲတွင် ဘာစီလိုနာ တိုက်စစ်မှူး ရော်နယ်လ်ဒင်ဟို (ဝဲ) နှင့် လက်ဗ်စကီးဆိုဖီယာအသင်း နောက်တန်းလူ အင်ဂီလော့ဗ်တို့ ဘောလုံးရရှိရေးယှဉ်ပြိုင်ကြစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# မန်စီးတီးနောက်တန်းလူ ဆန်ဂျေဟိုင်း ဂျာမနီတွင် ဆေးဝါးကုသမှုခံယူ

**လန်ဒန် နိုဝင်ဘာ ၂၃**

မန်ချက်စတာစီးတီးအသင်းသည် နောက်တန်းလူ ဆန်ဂျေဟိုင်းအား ဂျာမနီနိုင်ငံသို့ ခေါ်ဆောင်သွားကာ ဆေးဝါး ကုသပေးလျက်ရှိကြောင်း ယနေ့ အင်တာနက်သတင်း၌ ဖော်ပြသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တရုတ်လူမျိုးဘောလုံးသမား ဆန်ဂျေဟိုင်းသည် ဘောလုံးရာသီအကြိုတွင် တံကောက်ကြော၌ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လက်ရှိဘောလုံးရာသီအတွင်း မန်စီးတီးအသင်းအတွက် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ပေ။

ဆန်ဂျေဟိုင်းသည် ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ အထူးကုဆရာဝန်ကြီးတစ်ဦးထံတွင် ကုသမှုခံယူလျက်ရှိသည်။ အဆိုပါ ဆရာဝန်ကြီးသည် ယခင်ကလည်း မန်စီးတီးအသင်း၏ ဘောလုံးသမားများကို ဆေးဝါးကုသပေးခဲ့သူဖြစ်သည်။ ***အင်တာနက်***

# နိုင်ငံတော် ဩဝါဒါစရိယ မကွေးတိုင်း၊ မကွေးခရိုင် တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်တောရကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တတိလောကဉာဏ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ပန်းသွင်းကြီးကျေးရွာအုပ်စု၊ ဂွေးကုန်းကျေးရွာ၊ ခမည်းတော် ဦးပြား–မယ်တော် ဒေါ်ဂွမ်းပုံတို့မှ ၁၂၈၈ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ရက်၊ (စနေနေ့) နံနက် ၈နာရီတွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၃၀၀ပြည့်နှစ်တွင် ဂွေးကုန်းရွာ၊ စမ်းချောင်းဆရာတော် ဘဒ္ဒန္တမေဓာဝီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၀၈ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ရက်၊ နံနက် ၈း၁၅နာရီတွင် ငှက်ပစ်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သီရိမင်္ဂလာတိုက်သစ် ခန္ဓသိမ်၌ ဦးတင်မောင်၊ ဒေါ်စံရှားတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် (၁၀)နှစ်သား အရွယ်တွင် ဂွေးကုန်းရွာ စမ်းချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီထံ၌ လောကီ၊ လောကုတ္တရာ အခြေခံကျမ်းစာများကိုသင်ယူခဲ့ပြီး ငှက်ပစ်တောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏ၊ ခင်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၊ အာသောကာရုံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တခေမိန္ဒ၊ ပြည်မြို့ ဇေတဝန်ရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူခဲ့ပြီး ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဇေတဝန်ရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ရှစ်နှစ်တိုင်တိုင် ပရိယတ္တိစာပေများ ပို့ချခဲ့ပြီး တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်းတိုက်၌ တပည့်ရဟန်း သာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချ၍ လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်ရှိ တန်ခိုးကြီး စေတီတော်များ၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်၊ နိုင်ငံတော် ဩဝါဒါစရိယ အဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၃၅၈ခုနှစ်၊ ၁၉၉၇ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၀)ပြည့်၊ သိက္ခာတော်(၆၀)ဝါအရ ၁၃၆၈ခုနှစ်၊ နတ်တော်လဆန်း ၃ရက်၊ ၂၀၀၆ခုနှစ်၊ နိုဝင်ဘာလ ၂၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀နာရီ ၃၀မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# အင်းစိန် ဗဟိုအကျဉ်းထောင်၌ အကျဉ်းသူ အချုပ်သူများအား သွေးဖောက်စစ်ဆေးပြီး နှစ်သိမ့်ပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၃**

အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုခံအား ကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးစီမံကိန်းအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန့်ဇင်ဦးနှင့် အဖွဲ့ဝင် ငါးဦးတို့သည် နိုဝင်ဘာ ၂၁ရက်တွင် အင်းစိန် ဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသူ ၄၉ဦး၊ အချုပ်သူ ၃၀ စုစုပေါင်း ၇၉ဦးတို့အား သွေးဖောက်စစ်ဆေးကြသည်။

ယင်းနောက် HIV ပိုးတွေ့ရှိသည့် အကျဉ်းသူ ၁၁ဦးတို့အား နှစ်သိမ့်ဆွေးနွေးခြင်း၊ အကျဉ်းသူ အချုပ်သူ ၉၀တို့အား ပညာပေးဆွေးနွေး ဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဗုဒ္ဓပူဇနီယနှင့် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဈ–ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးအနီး တည်ထားကိုးကွယ်သော ဆန္ဒတော်ပြည့်ဇမ္ဗူအေးစေတီတော်၏ ဒုတိယအကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၈ ခု နတ်တော်လဆန်း ၁၁ရက်မှ ၁၅ရက်အထိ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကျင်းပပူဇော်မည်ဖြစ်သည်။

လှူဒါန်းလိုပါလျှင် အရဏ်ဆွမ်းအတွက် ကျပ် ၃၀၀၀၀၊ နေ့ဆွမ်းအတွက် ကျပ် ၅၀၀၀၀၊ အဖျော်ယမကာများနှင့် လှူဖွယ်ဝတ္ထုများကို ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ ဗုဒ္ဓိရတနာဇေယျာကျောင်း ဖုန်း–၆၉၀၁၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အမည်ပြောင်းခြင်း

အဖ ဦးကြည်လွင် မှတ်ပုံတင်အမှတ်– HZA –၀၉၁၄၅၇ ၏ သမီးဖြစ်သူ မနန်းလွင်ငြိမ်း[၇/ပမန(နိုင်) ၁၃၂၁၃၉]အား မနှင်းစန္ဒာလွင် ဟုပြောင်းလဲခေါ်ပါရန်။**မနှင်းစန္ဒာလွင်**



## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဇော်ဇော်ထွန်း၏ နိုင်ငံကူးလက်မှတ် အမှတ်–၅၀၄၁၂၂ သည် ၁၉–၁၀–၂၀၀၆ ရက်နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။**ဖုန်း–၂၉၂၄၄၉၊ ၂၉၃၁၄၃**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဖြိုးသီဟ၏ နိုင်ငံကူးလက်မှတ် အမှတ်–၂၄၀၄၉၇ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **Ph-384962**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးဇော်ဦး၏ မှတ်ပုံတင်အမှတ်[၉/ပကခ(နိုင်)၀၁၅၁၀၄] ကတ်ပြားမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ဖုန်း–၀၁–၂၉၈၈၆၃၊ ၀၉–၉၀၃၁၁၂၅**

# (၂၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ တရားရုံးချုပ်ရှေ့နေ **ဦးမြဟန်**နှင့် ချစ်မေမေ **ဒေါ်အေးအေးချို** (အထက–၂၊ စမ်းချောင်း၊ ငြိမ်း)တို့၏ ၂၄–၁၁–၂၀၀၆ရက်တွင် ကျရောက်သော (၂၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်း ၁၀၀တိုင်အောင် ပျော်ရွှင်ပါစေကြောင်း ဆုမွန်တောင်းပါသည်။

**ချစ်သားသမီးများ**
**သမီး–မြပြည့်စုံ**
**သား–မောင်မြင့်သူ**

**Bridge**

| | |
|---|---|
| English for Beginners | Nov 25,30 |
| Basic Spoken English | Nov 25,27 |
| Fundamental 4Skills | Nov 25 |
| IELTS - I | Nov 25 |
| IELTS - II ( Intermediate + Advanced ) | Nov 25 |



# ကျေးဇူးဆပ်ပါမည်

၇–၁၁–၂၀၀၆ရက် ညနေတွင်ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်(၃၇)ရပ်ကွက် စွမ်းအင်မှတ်တိုင်အနီးတွင် ဦးရဲညွှန့်ပိုင်မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ၂က/၉၇၂၁၏မှတ်ပုံတင်စာအုပ်၊ ဝိုးတက်၊အာမခံစာအုပ်၊ VIC ကတ်၊ ဆီစာအုပ်နှင့် အခွန်ပြေစာများပါသောအိတ်မှာ ကျပျောက်သွားပါသဖြင့် တွေ့ရှိပါကအောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

**ဖုန်း–၀၉၈၀၃၂၅၈၄၊ ၀၁–၅၁၄၄၉၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်–ကျွန်မတို့၏သားဖြစ်သူ မောင်နန္ဒကျော်အေး[၉/အမဇ(နိုင်) ၀၁၁၂၃၈] သည် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စကို ၎င်း၏သဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**မိဘ–ဦးကျော်အေး–ဒေါ်မျိုးအေးအေးတင့်**

# တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့်တိုင်းအလိုက် တင်ဒါစနစ်ဖြင့် အောက်ပါနေရာများ၌ ဝယ်ယူမည်ဖြစ်ပါသည်။

**(က)ကချင်ပြည်နယ်**
(၁)ပူတာအို
(၂)မြစ်ကြီးနား
(၃)ဝိုင်းမော်
(၄)နမ္မတီး
(၅)ဆားမော်
(၆)ဟိုပင်
(၇)မိုးညှင်း
(၈)မိုးမိတ်
(၉)မဘိမ်း
(၁၀)ဗန်းမော်
(၁၁)မြို့သစ်
(၁၂)ရွှေကူ

**(ခ)ရှမ်းပြည်နယ်(အရှေ့)**
(၁)ကျိုင်းတုံ
(၂)မိုင်းပြင်း
(၃)မိုင်းခတ်
(၄)မိုင်းယောင်း
(၅)မိုင်းဖြတ်
(၆)တာချီလိတ်
(၇)မိုင်းဆတ်

**(ဂ)မွန်ပြည်နယ်**
(၁)မော်လမြိုင်
(၂)သထုံ
(၃)ပေါင်

**(ဃ)ရန်ကုန်တိုင်း**
(၁)သန်လျင်
(၂)ခရမ်း
(၃)လှည်းကူး
(၄)တိုက်ကြီး
(၅)ထန်းတပင်

**(င)ဧရာဝတီတိုင်း**
(၁)ပုသိမ်
(၂)မအူပင်
(၃)ကျိုက်လတ်
(၄)အိမ်မဲ
(၅)မြောင်းမြ
(၆)မော်လမြိုင်ကျွန်း
(၇)ငနေဖြူ
(၈)ကျုံပျော်
(၉)ဟသ်ာတ
(၁၀)မြန်အောင်
(၁၁)အင်္ဂပူ

**(စ)ရခိုင်ပြည်နယ်**
(၁)အမ်း
(၂)ကျောက်တော်
(၃)ရမ်းဗြဲ
(၄)မြောက်ဦး
(၅)မင်းပြား
(၆)ရသေ့တောင်
(၇)ပုဏ္ဏားကျွန်း
(၈)ပေါက်တော
(၉)ကျောက်ဖြူ
(၁၀)တောင်ကုတ်

**(ဆ)စစ်ကိုင်းတိုင်း**
(၁)ရွှေဘို
(၂)ဝက်လက်
(၃)ဒီပဲယင်း
(၄)ရေဦး
(၅)တန့်ဆည်
(၆)ခင်ဦး
(၇)ကန့်ဘလူ
(၈)ကောလင်း
(၉)ဝန်းသို
(၁၀)ကသာ
(၁၁)ထီးချိုင့်
(၁၂)ကလေး

**(ဇ)မကွေးတိုင်း၊** ဂန့်ဂေါ

**(ဈ)မန္တလေးတိုင်း**
(၁)တပ်ကုန်း
(၂)ပျဉ်းမနား
(၃)လယ်ဝေး

**(ည)ပဲခူးတိုင်း(အရှေ့)**
(၁)ရေတာရှည်
(၂)တောင်ငူ
(၃)အုတ်တွင်း
(၄)ဖြူး
(၅)ကျောက်တံခါး
(၆)ညောင်လေးပင်
(၇)ဒိုက်ဦး

**(ဋ)ပဲခူးတိုင်း(အနောက်)**
(၁)ပြည်
(၂)ရွှေတောင်
(၃)နတ္တလင်း
(၄)ဇီးကုန်း
(၅)ကြို့ပင်ကောက်
(၆)မင်းလှ
(၇)လက်ပံတန်း
(၈)သာယာဝတီ

၂။ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့)တို့တွင် ၂၀၀၆ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပါသည်။

၃။ပေးသွင်းရမည့်စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလ စသည့် အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၄။ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန**

# THE LIVE NEWS ဂျာနယ် အမှတ်(၁၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၂)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ ၁၃၆၈ ခုနှစ် စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲ၊ အောင်လံနှင့် သရက် စာပေဟောပြောပွဲ၊ ထင်းရှူးရိပ်နှင့် ရွှေဧည့်သည်၊ ပုရွက်ဆိတ်နှစ်ကောင် တစ်သောင်းရှစ်ထောင်၊ အီရန်နှင့် စကားပြောရတော့မည့် အမေရိကန်၊ မလေးရှားဘုရင်သစ် ရွေးချယ်တင်မြှောက်ပွဲ၊ တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ ဟနွိုင်းတွင်တွေ့ဆုံ၊ သာဂဒိုး၏ ဇေဒင် အဟောနှင့်လက်တွေ့၊ ကိုကိုလှိုင်၏ ထူးထူးခြားခြား ဟနွိုင်းအေပက်၊ ဒေါက်တာမတင်ဝင်း၏ အိန္ဒိယနဖူးပေါ်က ပုလဲရတနာ သီရိလင်္ကာ၊ စည်သူအောင်၏ နှလုံးသားနှင့် ကျားတစ်ကောင်၊ ဒိုင်းနေအောင်၏ ဂါဇာဆိုသည်မှာ သွေးစက်လက်နှင့်မြေ၊ “တကယ် သဘောကျတယ်” ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်း အပိုင်း(၃/၄)စသည့်သတင်း ဆောင်ပါး၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ဆက်သွယ်လိုသူများ အမြို့မြို့အနယ်နယ်မှ စာမူပေးပို့လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြို့ပြအင်ဂျင်နီယာ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

၁၉၈၃–၈၆ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၂၃ရက် (စနေနေ့)နံနက် ဧနာရီခွဲတွင် Dolphin ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အမှတ်တရမှတ်တမ်း ထုတ်ဝေရန်အတွက် ဓာတ်ပုံနှင့် ကိုယ်ရေးအချက်အလက်များကို အမြန်ဆုံး ပေးပို့ကြရန်နှင့် ကိုစိုးညွှန့် ဖုန်း–၀၉၅၁၃၂၃၄၈၊ကိုခင်မောင်လွင် ဖုန်း–၀၉၅၁၂၀၉၃၀၊ ကိုသန်းထွဋ် ဖုန်း–၀၉၅၀၂၁၁၅၆၊ ကိုညီညီလွင် ဖုန်း–၀၉၅၀၁၂၉၇၉၊ မကြည်ကြည်သောင်း ဖုန်း–၀၉၉၉၆၁၁၀၊ မမြမြမိုး ဖုန်း–၀၉၅၀၀၃၈၈၅နှင့် ဒေါက်တာသန်းသန်းသွယ် ဖုန်း–၃၉၂၅၂၅၊ ၅၂၆၄၀၃ တို့ထံ ဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။

(က–ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးဟုတ်ကြည်အား ရည်စူး၍ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် ပုသိမ်လမ်းနေ ဇနီးဒေါ်ခင်ညွန့်မိသားစုက အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## စာအုပ်၊ဂျာနယ်မျိုးစုံနှင့် သတင်းစာများ လှူဒါန်း

**ကောလင်း နိုဝင်ဘာ ၁၀**

ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ စံပြစာကြည့်တိုက်များသို့ စာအုပ်၊ ဂျာနယ်၊သတင်းစာမျိုးစုံပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ ရက်က ကောလင်းမြို့နယ် ဥမှင်အုန်းအုပ်စု တောင်ပုတ်စုကျေးရွာတွင်ပြုလုပ်ရာ ကျေးရွာဥက္ကဋ္ဌ ဦးကျော်မြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းကွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိန်မြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စာကြည့်တိုက်မှူး (စာထောက်-၃) ဦးစိုးအေးက စာကြည့်တိုက်တစ်ခု၏ လိုအပ်သော အင်္ဂါရပ်များ၊ ရည်ရွယ်ချက်များ၊ စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စာကြည့်တိုက်ကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုနှင့် စာကြည့်တိုက်များမှတ်ပုံတင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ကောလင်းမြို့ ခင်မို့မို့စာပေမှ စာအုပ်ဂျာနယ်သတင်းစာ ၁၁၅ စောင်၊ ကြယ်စင်စာပေမှဂျာနယ် ၁၀၀ တို့ကိုကျောင်းအုပ်ဆရာကြီး ဦးသန်းကွန့်သို့လွှဲပြောင်းပေးအပ်ကြသည်။ **(၂၁၄)**

## မိုးကုတ်ဝိပဿနာ တရားစခန်း

**သန်လျင် နိုဝင်ဘာ ၂၁**

သန်လျင်မြို့ သောက်တော်တွင်းရပ်ကွက် နံ့သာကုန်း(၃)လမ်း ရွှေနံ့သာပရိယတ္တိ မိုးကုတ်ဓမ္မရိပ်သာ၌ (၄၂) ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားစခန်းကိုဒီဇင်ဘာ ၇ရက်မှ ၁၃ရက်အထိ ခုနစ်ရက်တိုင်တိုင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်အဖွဲ့ချုပ်ကြီးမှ နယ်လှည့်သာသနာပြု ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ ရွှေနံ့သာအရှင်ဉာဏောဘာသက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာတရားအားထုတ်လိုသော ယောဂီများ စခန်းပတ်အတွင်း အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အအေးဖျော်ရည်များလှူဒါန်းလိုပါက ဖုန်း ၀၅၆-၂၁၉၆၁ သို့ စာရင်းပေးသွင်း လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**

**ရန်ကုန်တိုင်း သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဝတ္တကမြေအတွင်း နှစ်ကျိပ်ရှစ်ဆူ အာရုံခံတန်ဆောင်း အမိုးသွပ်အချပ် ၁၀၀ အတွက် သာကေတမြို့နယ် ၇/ အနောက်ရပ်ကွက် မြင်တော်သာလမ်းနေ ဦးလှထွန်း-ဒေါ်ခင်ရီ (ဝင်းထွန်း မော်တော်ယာဉ်ကုမ္ပဏီ+ ခေမာသစ်ရောင်းဝယ်ရေး) မိသားစုက အလှူတော်ငွေကျပ် ငါးသိန်းကို သပိတ်အိုင်ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံမှ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် သံလွင်လမ်းနေ ဖခင် ဦးခင်မောင်စိုးနှင့် မိခင် ဒေါ်မူမူတို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေးတစ်ခုတို့က ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

**ပေါင်မြို့နယ် စည်ပင် သာယာရေး အဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကျားဘိုကျေးရွာ မြေသား ရေလှောင်ကန် တူးဖော်ခြင်း လုပ်ငန်းအား နိုဝင်ဘာ ၁၅ ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးခင်လှိုင်**

**ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## မူကြိုအရွယ် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဆရာမများ သင်တန်းဖွင့်လှစ်

**မြိတ် နိုဝင်ဘာ ၁၀**

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းလူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ မူကြိုအရွယ် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ဆရာမများ သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက်က မြိတ်မြို့ ကျွန်းရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားပြီး တိုင်းလူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မေက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၅၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်သည်။ ဆက်လက်၍ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးသည် အာဟာရချို့တဲ့ကလေးများအား အားဆေးများ ထောက်ပံ့ပေးအပ်ပြီး ငါးနှစ်အောက်ကလေး ၅၃ ဦးအား အာဟာရကျွေးမွေးခြင်းကို လိုက်လံကြည့်ရှုအားပေးကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## စာပေဟောပြောပွဲ ကျောက်ဆည်၌ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၁၂**

ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမဆောင်တွင် နိုဝင်ဘာ ၈ ရက် မွန်းလွဲ၂နာရီက စာပေဟောပြောပွဲ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ထွေး (မောင်ချစ်ထွေး-မဟာဝိဇ္ဇာ)က ပညာရေးအတွက် ဆေးတစ်ခွက် ခေါင်းစဉ်ဖြင့် ဟောပြောပို့ချရာ အခမ်းအနားသို့ အထက်တန်းကျောင်းသား၊ ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ကြောင်း သိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

**ကမာရွတ်မြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် လက်ထောက်ပညာရေးမှူး ဦးငြိမ်းရွှေက ၂၀၀၄-၂၀၀၅ ခရိုင် ပညာသင်ကြားထူးချွန်ဆု၊ ၂၀၀၅-၂၀၀၆ မြို့နယ် ပညာသင်ကြား ထူးချွန်ဆု၊ ၂၀၀၅-၂၀၀၆(၄၅)နှစ်အထက် မာရသွန်ပထမဆုရ အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းဌေးအား ဆုချီးမြှင့်စဉ်။** (ပညာရေး)

## ကျောင်းလက်နှိပ်တုံကင်အဝီစိတွင်းဖွင့်

**အင်္ဂပူ နိုဝင်ဘာ ၁၀**

အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသည့် ကျောင်းရေ ရရှိရေးလက်နှိပ်တုံကင်အဝီစိတွင်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက အင်္ဂပူမြို့နယ် မဲဇလီကုန်းဒေသ သပြေပင်ကျေးရွာအုပ်စု သပြေပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပရာ အင်္ဂပူမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်နှင့် အသင်းဝင်များ၊ မဲဇလီကုန်း ဒေသ ကျောင်းစုမှူး ဆရာကြီး ဦးကျော်မြင့် သပြေပင်အမက ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသောင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

### ဖွင့်လှစ်ပေး

အခမ်းအနားတွင် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်၊ မဲဇလီကုန်းဒေသ ကျောင်းစုမှူး ဆရာကြီး ဦးကျော်မြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းတို့က လက်နှိပ်တုံကင်အဝီစိတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၁၉၁)**

**မကွေးတိုင်း ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာ အုပ်စု သဲတောင် ကျေးရွာ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေစကြို မြို့နယ် စည်ပင် သာယာရေး အဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေး နှစ်**

**အတွင်း ဆောင်ရွက်သည့် နှစ်လက်မ၊ပေ ၄၀၀ တွင်းတူးခြင်း လုပ်ငန်းကို နိုဝင်ဘာ ၆ ရက်က ရေစကြိုမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးသန့်ဇင်မျိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (၂၀၇)

## မြို့နယ်သတင်းများ

**ဓနိကုန်းမြို့၊ မြို့ရေပေးရေး ရေစက်ရုံမှ မြို့ရေပေးဝေရေး ဆောင်ရွက်သည့် အခြေအနေကို စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်အောက်တိုဘာ ၂၀ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အောင်စောနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးဝန်ကြီးဌာန
# ရေကြောင်းပညာသိပ္ပံ

## ကြော်ငြာစာ

၁။ ရေကြောင်းပညာသိပ္ပံတွင် (၂၀၀၇-၂၀၀၈)ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ အရာရှိလောင်းဘွဲ့ကြို(၂)နှစ် ဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ ရေကြောင်းပညာသိပ္ပံ၊ ကျောင်းအုပ်ကြီးထံသို့ (၁၅-၁၂-၂၀၀၆)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က)ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet Diploma in Nautical Studies/ Dip: N.S သင်တန်း၊

(ခ)ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet Diploma in Maritime Technology/ Dip: Mar. Tech. သင်တန်း၊

**၂။ ပညာအရည်အချင်းကန့်သတ်ချက်**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး (၃၉၀)ရှိရမည်။

**၃။ အသက်နှင့် အခြားကန့်သတ်ချက်**

(က)၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၁၉ နှစ်ထက် မကျော်လွန်စေရ။

(ခ)အရပ်အမောင်း (၅ပေ ၄ လက်မ)အနည်းဆုံးရှိရမည်။

(ဂ)ကိုယ်အလေးချိန် (၁၀၀)ပေါင် အနည်းဆုံးရှိရမည်။

(ဃ)ရင်အုပ် (၃၂) လက်မ နဂိုအနေအထားအနည်းဆုံးရှိရမည်။

(င)မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများ မဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်။

(က)နားစစ်ဆေးခြင်း၊

(ခ)အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။

(ဂ)မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှု ရှိ၊ မရှိစစ်ဆေးခြင်း)။

(ဃ)စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှု ရှိ၊ မရှိစစ်ဆေးခြင်း။

၅။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။

(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)

(ခ)အမည်။

(ဂ)နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်။

(ဃ)မွေးနေ့သက္ကရာဇ်။

(င)လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(စ)တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်၊ ခုံအမှတ်၊ မြို့နယ်၊ တိုင်း၊ ဘာသာရပ်အလိုက် ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်။

(ဆ)အဘအမည်နှင့် အလုပ်အကိုင်။

(ဇ)အမိအမည်နှင့် အလုပ်အကိုင်။

(ဈ)နေရပ်လိပ်စာအပြည့်အစုံ။

(ည)ဆက်သွယ်ရန် စကားပြောကြေးနန်းအမှတ်နှင့် နေရပ်လိပ်စာ။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က)လိုင်စင်ဓာတ်ပုံ(၂)ပုံ။

(ခ)အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့၊ စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း။

(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ် ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။

(ဃ)တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း။ (မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)

(င)မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင်ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ကြောင်း ဂတိခံဝန်ချက်။

(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်)

(စ) ပဏာမအဆင့်ရွေးချယ်ခံရသော သင်တန်းသားများသည် ရေကြောင်းပညာသိပ္ပံ၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာ နိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါကရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ် သင်တန်းကြေး (၂၀၀၀ိ/-)၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ် အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။ အရာရှိလောင်းဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို ရေကြောင်းပညာသိပ္ပံတွင် ကျောင်းအိပ်ကျောင်းစား အဆောင်နေကျောင်းသားအဖြစ် (၁)နှစ် တက်ရောက်ရမည်။ ဒုတိယနှစ် သင်တန်းကို ရေကြောင်းပညာသိပ္ပံတွင် နေ့ပြန်သင်တန်းသားအဖြစ် မိမိတို့နေအိမ်မှနေ၍ အရာရှိလောင်းများ၏ နေ့စဉ်အချိန်ဇယား (Cadet Daily Routine)အတိုင်း ဆက်လက် တက်ရောက်ရမည်။

၁၁။အရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာ(၂)နှစ်သင်တန်းပြီးဆုံးတက်ရောက် အောင်မြင်ပြီးသူများကို Diploma in Nautical Studies/Diploma in Maritime Technologyဘွဲ့ကြိုဒီပလိုမာလက်မှတ်များနှင့် Mercantile Marine Nautical/ Engineering Cadet Training Course Certificate လက်မှတ်များ အပ်နှင်းပေးပါမည်။

၁၂။သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခုပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နုတ်ထွက်ခွင့်ပြုမည် မဟုတ်ပါ။

၁၃။လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သည့် ရေကြောင်းပညာသိပ္ပံတွင် ရွေးချယ် ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၄။သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက ရေကြောင်းပညာသိပ္ပံ၊ သင်တန်းဌာနခွဲ၊ တယ်လီဖုန်းအမှတ် (၅၃၆၁၃၈/၅၃၉၄၆၄/၅၃၉၄၆၅ လိုင်းခွဲ-၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

**ကျောင်းအုပ်ကြီး**
**ရေကြောင်းပညာသိပ္ပံ**

---

## ဒဂုံတက္ကသိုလ်
## (၁၇)ကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၀၅ခုနှစ် စက်တင်ဘာလနှင့် ၂၀၀၆ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာဒဿနဘွဲ့၊ အင်္ဂလိပ်စာ သင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူး ဘွဲ့ (၂၀၀၁-အောင်)၊ ဥပဒေပညာဘွဲ့(၂၀၀၁-အောင်) စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

**(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်(၃၀-၁၂-၂၀၀၆)ရက် စနေနေ့ နံနက်ပိုင်း-နံနက်(၉း၀၀)နာရီ**

**မဟာသုတေသနဘွဲ့**-မြန်မာစာ၊ သမိုင်း၊ စိတ်ပညာ၊ ဓာတုဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊
-ဘူမိဗေဒ၊ အင်ဂျင်နီယာဓာတုဗေဒ
**မဟာဝိဇ္ဇာဘွဲ့** -မြန်မာစာ၊ သမိုင်း၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊
-ရှေးဟောင်းသုတေသနပညာ၊
**မဟာသိပ္ပံဘွဲ့** -ဓာတုဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊
**ဝိဇ္ဇာဂုဏ်ထူးဘွဲ့** -မြန်မာစာ၊ သမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ မနုဿဗေဒ
**သိပ္ပံဂုဏ်ထူးဘွဲ့** -ဓာတုဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ
**ဥပဒေပညာဘွဲ့** -ဥပဒေပညာ(ခုံအမှတ်- ၄ဥ-၁မှ၄ဥ-၂၅၄ ထိ)

**ညနေပိုင်း-မွန်းလွဲ(၂း၀၀)နာရီ**

**မဟာသုတေသနဘွဲ့** -ပထဝီဝင်၊ ဒဿနိကဗေဒ၊ ရူပဗေဒ
**မဟာဥပဒေဘွဲ့** -ဥပဒေပညာ
**မဟာဝိဇ္ဇာဘွဲ့** -အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊
-နိုင်ငံတကာဆက်ဆံရေးပညာ၊
**မဟာသိပ္ပံဘွဲ့** -ရူပဗေဒ
**ဘွဲ့လွန်ဒီပလိုမာဘွဲ့** -အင်္ဂလိပ်စာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ
**ဝိဇ္ဇာဂုဏ်ထူးဘွဲ့** -အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊
-နိုင်ငံတကာဆက်ဆံရေးပညာ
**သိပ္ပံဂုဏ်ထူးဘွဲ့** -ရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ မိုးလေဝသပညာ
**ဥပဒေဘွဲ့** -ဥပဒေပညာ(ခုံအမှတ်-၄ဥ-၂၅၅ မှအထက်)

**အစမ်းလေ့ကျင့်ရန်(၂၈-၁၂-၂၀၀၆)ရက်နေ့ နံနက် ၉း၀၀ နာရီ**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို (၂၀-၁၂-၂၀၀၆)ရက်နေ့မှစ၍ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် ထုတ်ပေးပါမည်။

**လှမြင့်**
**မော်ကွန်းထိန်း**
**ဒဂုံတက္ကသိုလ်**

---

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

**ရက်စွဲ၊ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၀ရက်**

### ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | တိရစ္ဆာန်အစာကုန်ကြမ်း၊ ဖြည့်စွက်ဆေးဝါးနှင့်ပီနံအိတ်ခွံ | (1) Lot |
| (ခ) | ကျောက်ခွဲစက်သုံးကရောင်း၊ စပယ်ဖူးပင်နယံနှင့် Oil Seal | (1) Lot |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၆-၁၂-၂၀၀၆ နေ့(၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ်၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာန စုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့**

## ဝန်ထမ်းအလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| ၁။Marketing & Documenation(ဘွဲ့ရ) | ကျား/မ | (၁) ဦး |
| ၂။Receptionist (ဘွဲ့ရ) | | (၁) ဦး |
| ၃။Manager (ငါး/ပုစွန်မွေးမြူရေးဆိုင်ရာ) (ဘွဲ့ရ) | ကျား/မ | (၁) ဦး |
| ၄။ယာဉ်မောင်း (၁၀)တန်းအောင် | ကျား | (၄) ဦး |

အထက်ပါရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံများပြီး အရည်အချင်းရှိသူကို ဦးစားပေးမည်။ ရွေးချယ်ခြင်းခံရသောလျှောက်လွှာရှင်များအား ကုမ္ပဏီမှအကြောင်းကြားပေးမည်။ နယ်မှဖြစ်ပါက နေရေး၊ စားရေးတာဝန်ယူသည်။ အမှတ်စဉ်(၁)နှင့်(၂)အတွက် Ferry စီစဉ်ပေးမည်။ လျှောက်ထားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း ထောက်ခံစာမူရင်း၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် မျှော်မှန်းလစာတို့ကို စာတိုက်သေတ္တာအမှတ်(၉၇၉)သို့ အောက်ပါ လိပ်စာသို့ ကြော်ငြာပါသည့်နေ့မှ (၂)ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

**အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်**
**အမှတ်-၅၈၄၊ လှိုင်မြစ်ကမ်းလမ်း၊ (၁၀)ရပ်ကွက်၊ စက်မှုဇုန်အပိုင်း(၆)၊ (၁၁၄၀၁)၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၂၆၈၅၂၊ ၇၂၇၈၄၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်-၁၃၉ဟု ခေါ်တွင်သော ၄၀'x၆၀'ရှိသော ဒေါ်အုံးမေ အမည်ပေါက်မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ကြသူများဖြစ်ကြသည့် မောင်မြင့်စိုးပါ(၆)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဉာဏ်ဝင်း(အမ်အိပ်ဂျီ ဝ၈၃၆၉၆)က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် နောက်ထပ်အကျိုးခံစားခွင့်ရှိသူမည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

**ဦးဉာဏ်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းလှိုင်(LL.B, C.B.L)**
**ဥပဒေအကျိုးဆောင်ရှေ့နေ ဖုန်း-၆၄၄၃၂၅**
**အမှတ်(၅၁)၊ ခေမာလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉က/၆၉၂၉ Toyota Corolla/Slw(4x2) လက်ဝယ်ရှိသူအမည်ဦးထွန်းထွန်းလင်း မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်) ၀၀၈၁၄၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**
**သဃ်န်းကျွန်းမြို့နယ်**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

**ကြိုဆိုနှုတ်ဆက်**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် ချစ်ကြည်ရေးခရီးအဖြစ် ယနေ့နံနက် ၁၀ နာရီတွင် အထူး လေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**

**ကြိုဆိုနှုတ်ဆက်**

ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန် တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် နေပြည်တော် လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** *

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး အမြင်ချင်းဖလှယ်

နေပြည်တော် နိုဝင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်တို့သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❁

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်တို့ နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)